ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ အင်္ဂါနေ့၊ (9-8-2005) (၄၆၅)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

## စင်ကာပူသမ္မတနိုင်ငံ၏ နှစ်(၄၀)မြောက် အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၉

၂၀၀၅ခုနှစ် ဩဂုတ် ၉ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ နှစ်(၄၀)မြောက် နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာ အက်စ်အာရ်နာသန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း

## စင်ကာပူသမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၉

၂၀၀၅ခုနှစ် ဩဂုတ် ၉ရက်တွင်ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏နှစ်(၄၀)မြောက် နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်းလွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လူတစ်စုကောင်းစားရေး အဖျက်အမှောင့်လုပ်ရပ်များ လုပ်နေသည့် အဖျက်သမားများကို နိုင်ငံတော်နှင့်ပြည်သူ စည်းလုံးညီညွတ်စွာ ကာကွယ် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ပြည်သူတစ်ရပ်လုံး ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၈

**"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးကို ဩဂုတ် ၅ရက် နံနက် ၉နာရီတွင် မကွေးတိုင်း မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

လူထုအစည်းအဝေးသို့ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့တို့မှ အသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တစ်ခဲနက် တက်ရောက်ကြသည်။

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမောင်မောင်ဌေးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင်၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်တင်တင်ထွေး၊ တိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင် ဗိုလ်ကြီးချိုထွန်း(အငြိမ်းစား)၊ မကွေးခရိုင် မီးသတ်တပ်ဖွဲ့မှူး ဦးသန်းဆွေ၊ တိုင်းကြက်ခြေနီတပ်ဖွဲ့ ဦးစီးမှူး(ဒုတိယတန်း) ဦးကျော်နိုင်ဦးနှင့် တိုင်းဆန်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးသံချောင်းတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်သဇင်အောင်နှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် အသင်းအလုပ်အမှုဆောင် ဒေါ်အိရွှေစင်ထွန်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ၊ သဘာပတိအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် အလံတော်အား အလေးပြုကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❀**

**"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးကို မကွေးတိုင်း မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။** (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

nternet(9) 1 1/5/32, 9:44 PM

ကြေးမုံ The Mirror

၉-၈-၂၀၀၅
(အင်္ဂါနေ့)

# ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ စည်ပင်ဝပြောခြင်း ဖြစ်ထွန်းအောင် အာဆီယံလူ့အဖွဲ့အစည်းတစ်ရပ် ဝိုင်းဝန်းထူထောင်

မြန်မာနိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးကဏ္ဍတွင် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကိုကျင့်သုံးကာ နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံမိသားစုဝင်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထား၍ ဆက်ဆံနေပေသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး အာဆီယံအဖွဲ့၏ ရည်ရွယ်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များမှတစ်ဆင့် ဒေသတွင်းစီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု တိုးတက်ဖြစ်ပေါ်ရေး လုပ်ငန်းများ၌ အဖွဲ့ဝင်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ လက်တွဲကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၀၅ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ကျရောက်သည့် (၃၈)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ်အတွက် သဝဏ်လွှာပေးပို့ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက (၃၈)နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ် သဝဏ်လွှာ ပေးပို့ရာတွင် **အာဆီယံလူ့အသိုက်အဝန်းတစ်ရပ် ပေါ်ထွန်းမှုသည် မြန်မာနိုင်ငံရှိ ပြည်သူပြည်သားများအတွက် အခြားသော အာဆီယံ နိုင်ငံများမှ နိုင်ငံသားများနည်းတူ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ တိုးတက်စည်ပင်ဝပြောမှုနှင့် လူမှုရေး၊ ယဉ်ကျေးမှု တိုးတက်မှုစသည့် အသီးအပွင့်များကို ခံစားရယူနိုင်ကြမည်ဖြစ်သဖြင့် (၃၈)နှစ်မြောက် အာဆီယံနေ့အခါသမယတွင် အာဆီယံပြည်သူများ၏ "အာဆီယံပြည်သူများ၏ အာဆီယံလူ့အဖွဲ့အစည်းထူထောင်ခြင်း" ဆောင်ပုဒ်နှင့်အညီ အာဆီယံလူ့အသိုက်အဝန်း ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်** ဟူ၍ ဖော်ပြထားသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကို ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် စတင်ထူထောင်ခဲ့ပြီး သက်တမ်း(၃၈)နှစ်ပြည့်မြောက်သည့် ယနေ့အချိန်အခါသမယတွင် အရှေ့တောင် အာရှမှ ၁၀ နိုင်ငံပါဝင်သော အဖွဲ့အစည်းအဖြစ် ခိုင်မာစွာ ရပ်တည်လျက်ရှိသည်။

အာဆီယံအဖွဲ့ကြီးသည် ဒေသဆိုင်ရာအုပ်စုများတွင် အတိုးတက်ဆုံးနှင့် စုစည်းမှုအရှိဆုံး ဒေသအုပ်စုတစ်ခုအဖြစ် ပေါ်ထွန်းလာလျက်ရှိပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် အရေးပါသည့် ဒေသဆိုင်ရာနိုင်ငံရေးအုပ်စုကြီးတစ်ရပ်အဖြစ် ရပ်တည်နေပေသည်။

ယခုအခါ အာဆီယံအဖွဲ့ကြီးသည် ၂၀၂၀ ပြည့်နှစ် မျှော်မှန်းချက်ကို ချမှတ်၍ အာဆီယံလုံခြုံရေးအသိုက်အဝန်း၊ အာဆီယံ စီးပွားရေးအသိုက်အဝန်းနှင့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်းစသည့် မဏ္ဍိုင်ကြီးသုံးရပ်ကိုအခြေခံသည့် အာဆီယံလူ့အဖွဲ့အစည်း အသိုက်အဝန်းတစ်ရပ် ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အာဆီယံပေါင်းစည်းရေး၏ ပထမမဏ္ဍိုင်ဖြစ်သော အာဆီယံလုံခြုံရေးအသိုက်အဝန်းသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဒီမိုကရေစီရှိမှုနှင့် သာယာဝပြောမှုများရှိစေမည့် အလုံးစုံပြည့်ဝသော လုံခြုံမှုရှိသည့် အသိုက်အဝန်းတစ်ရပ် ထူထောင်နိုင်ရေးကို ရည်ရွယ်ပေသည်။

ဒုတိယမဏ္ဍိုင်ဖြစ်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်း၏ အန္တိမရည်မှန်းချက်မှာ ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံဒေသ တစ်ခုလုံး အကျုံးဝင်သည့် တလုံးတစည်းတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုစနစ်အခြေခံကို ထူထောင်ရန်ဖြစ်သည်။

တတိယမဏ္ဍိုင်ဖြစ်သည့် အာဆီယံလူမှု-ယဉ်ကျေးမှုအသိုက်အဝန်း ထူထောင်မှုတွင် အာဆီယံဒေသအတွင်းရှိ ပြည်သူ အားလုံး၏ လူမှုအဆင့်အတန်းကို မြှင့်တင်ခြင်းနှင့် ပြည်သူများအပေါ် ဗဟိုပြုသည့် ယဉ်ကျေးမှုဓလေ့စရိုက် လက္ခဏာများကို ခိုင်မာစေရန် ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

အာဆီယံလူ့အဖွဲ့အစည်း အသိုက်အဝန်းတစ်ရပ် ပေါ်ထွန်းလာခြင်းဖြင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ပြည်သူများအားလုံး ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ တိုးတက်စည်ပင်ဝပြောမှုနှင့် လူမှုရေး၊ ယဉ်ကျေးမှုစသည့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရရှိခံစားနိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အာဆီယံ၏ ၂၀၂၀ ပြည့်နှစ် မျှော်မှန်းချက်နှင့်အညီ စာနာထောက်ထားမှု ဗြဟ္မစိုရ်တရားများ ထွန်းကားသည့် လူမှုအဖွဲ့အစည်းအတွင်း ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ တိုးတက်စည်ပင်ဝပြောခြင်းများ ဖွံ့ဖြိုးတိုးတက်လာစေမည့် အာဆီယံလူ့အဖွဲ့အစည်းတစ်ရပ် ထူထောင်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

**ပြည်သူ့သဘောထား**

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက် ထွန်းကားပြန့်ပွားရန်။
၄။ မြန်မာတို့၏အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

# မင်္ဂလာဒုံမြို့နယ်အမှတ်(၂၄)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီး ဦးသန်းအောင် တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဩဂုတ် ၈

**ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အမှတ်(၂၄) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အနန်းပင်ရပ်ကွက်ရှိ အဆိုပါကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်တို့တက်ရောက်အားပေးချီးမြှင့်သည်။**

ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အမှတ်(၂၄) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ရန်ကုန်တိုင်းအနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် ၂၀၀၂-၂၀၀၃ ခုနှစ်မှ စတင်၍စီမံကိန်းချမှတ်ဆောင်ရွက်ခဲ့ရာ ယခု၂၀၀၅-၂၀၀၆ခုနှစ်တွင် ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၌ ဆောင်ရွက်နိုင်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျောင်းဆောင်သစ် ဖွင့်လှစ်ပေးခဲ့ခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားမှုကို များစွာအထောက်အကူပြုလာမည်ဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူရမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် စေတနာရှင်၊အလှူရှင်များက ကျောင်းဆောင်သစ်အတွက် အလှူငွေများ ပေးအပ်လှူဒါန်း ကြရာ ဦးကျော်ဆန်းမြင့်(မန်နေဂျင်း ဒါရိုက်တာ၊ Collective Triangle ကုမ္ပဏီလီမိတက်)၊ ဦးပြေအောင် (ပြေအောင်ဆောက်လုပ်ရေး)နှင့်ဦးချို(ရွှေမိသားစု) တို့က ငွေကျပ်တစ်သိန်းစီ၊ ဦးလှထွန်း (ဥက္ကဋ္ဌ၊ ရန်ကုန် မြောက်ပိုင်းခရိုင် ၁၉၅ယာဉ်လိုင်း)နှင့် အောင်ကောင်းမြတ်ဆောက်လုပ်ရေးတို့က ငွေကျပ်ငါးသောင်းစီဖြင့် စုစုပေါင်းအလှူငွေကျပ် လေးသိန်းကို ပေးအပ်လှူဒါန်းကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဝန်ကြီးဦးသန်းအောင် တို့က လက်ခံ၍ ဂုဏ်ပြု မှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်သည်။

ယခုဖွင့်လှစ်ခဲ့သည့် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အမှတ်(၂၄)အခြေခံပညာမူ လတန်းကျောင်း ကျောင်းဆောင်သစ်သည်အလျား၈၃ပေ၊ အနံပေ၃၀ရှိသည့် လေးခန်းတွဲ သုံးထပ် အဆောက်အအုံဖြစ်ပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ငွေကျပ် ၆၄၄ ဒသမ ၃၆၂သိန်း အကုန် အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်တို့ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အမှတ် (၂၄) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (ရ-က-တ)

# တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မုံရွာမြို့ ချင်းတွင်းသင်္ဘောကျင်းသစ်ဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဩဂုတ် ၈

**စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ ချင်းတွင်းသင်္ဘောကျင်းသစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့တွင်ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ တက်ရောက်၍ အမှာစကား ပြောကြားကြသည်။**

ရှေးဦးစွာ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ချင်းတွင်းသင်္ဘောကျင်းသစ် ကမ္ပည်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ချင်းတွင်း သင်္ဘောကျင်းသစ်ကိုလှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့အား ချင်းတွင်းသင်္ဘောကျင်းရိပ်သာခန်းမ၌ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးတွင် စက်ရှိရေယာဉ် ၃၂၁စင်း၊ စက်မဲ့တွဲရေယာဉ် ၁၉၄စင်း စုစုပေါင်း ၅၁၅စင်းကိုအသုံးပြု၍ ကုန်စည်နှင့် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့ရေး ဆောင်ရွက်လျက်ရှိရာ နှစ်စဉ်ခရီးသည် ၂၅သန်းနှင့် ကုန်တန်ချိန် လေးသန်းကျော်ခန့်ကိုသယ်ယူပို့ဆောင်ပေးလျက်ရှိသော ဌာနကြီးတစ်ခုဖြစ်ပါကြောင်း၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၏ ရည်မှန်းချက်မှာ ခရီးသွားပြည်သူများ ဈေးနှုန်းချိုသာစွာ သွားလာနိုင်ရေးနှင့် ကုန်ကျစရိတ် အသက်သာဆုံး နည်းလမ်းဖြင့် နိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဒေသဖွံ့ဖြိုးရေးဦးတည်ပြီး ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်၊ များများသယ်၊ မြန်မြန်ပို့ဆိုသည့် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဆောင်ပုဒ်အတိုင်း ချင်းတွင်းဒေသ၏ သဘာဝအရင်းအမြစ်ကြီးကို အရင်းအနှီးအနည်းဆုံး၊ စက်သုံးဆီသုံးစွဲမှု သက်သာစွာဖြင့် ခရီးသည်နှင့် ကုန်တန်ချိန်များစွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ချင်းတွင်းသင်္ဘောကျင်းသစ်ကို နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက စစ်ကိုင်းတိုင်းအတွင်း ရေယာဉ်များ အင်အားဖြည့် ပြေးဆွဲအသုံးပြုနိုင်ရေးအတွက် အချိန်သက်သာစွာ ရေယာဉ်များကို ပြင်ဆင်ပေးနိုင်မည့် ချင်းတွင်းသင်္ဘောကျင်းသစ်ကို တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်သည့်အတွက် ဒေသခံပြည်သူများအတွက်သာမက နိုင်ငံတော်အတွက် အကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားပြီး ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မုံရွာမြို့ရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး လက်ထောက် အထွေထွေမန်နေဂျာရုံးသို့ ရောက်ရှိပြီး ပို့ဆောင်ရေးဌာနအောက်ရှိ ဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံရာ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေနှင့် စက်သုံးဆီသုံးစွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မန္တလေးမြို့ရှိ ရတနာပုံသင်္ဘောကျင်းသို့ ရောက်ရှိရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးမြင့်က ၂၀၀၅–၂၀၀၆ခုနှစ် ရေယာဉ်များ နှစ်ပတ်လည် ကျင်းတင်ပြင်ဆင်မှု အခြေအနေနှင့် ပေါင်းတည် ရေယာဉ် ကျင်းတင် ပြင်ဆင်မှုအခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကာ သင်္ဘောကျင်း အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

**အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ စစ်ကိုင်းတိုင်း မုံရွာမြို့ ချင်းတွင်းသင်္ဘောကျင်းသစ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြစဉ်။**

(ပို့ဆောင်ရေး)

# ဖြူးဆရာတော် တရားဟောကြားမည်

**ရန်ကုန် ဩဂုတ် ၈**

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ(ဓမ္မကထိက ဗဟုဇနဟိတဓရ)အရှင်သူမြတ်သည် ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် ဓမ္မသီတဂူအေးရှာကျောင်းတိုက် မုဒိတာလေးထပ်ကျောင်းတော်ကြီး ဓမ္မသဘင်၌ ၁၃၆၇ခုနှစ် ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) မွန်းလွဲ ၂နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

# ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် ပညာရည်ချွန်ဆုပေးပွဲ တက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဩဂုတ် ၇ရက်တွင် ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ကန်ဦးကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိ၍ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးသည်။**

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ တိုးချဲ့ခန်းမဆောင်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေး အတွက် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးရန်မျိုးနိုင်–ဒေါ်သန်းသန်းဌေး (ပန်းသီကုမ္ပဏီ)က ဗိုလ်အောင်ကျော်ခန်းမ တည်ဆောက်ရေးအတွက် အလှူငွေကျပ်သိန်း ၂၀ကို ပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌက လက်ခံပြီး ဆရာဦးတင်ဇော်မြင့်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် ထူးကြီးမြို့တော်ခန်းမ၌ ကျင်းပသည့် ၂၀၀၄–၂၀၀၅ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အင်္ဂပူမြို့နယ်မှ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ဗဟိုအလုပ်အမှုဆောင်က အင်္ဂပူမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများမှကျောင်းအုပ်ကြီးများအား ဂုဏ်ပြုဆုများကို ပေးအပ်သည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က အင်္ဂပူမြို့နယ်အတွင်းရှိ စာသင်ကျောင်းများသို့ ကျောင်းသုံး ဗလာစာအုပ် ဒါဇင် ၅၄၀နှင့် ခဲတံဒါဇင် ၅၇၆၀တို့ကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် အင်္ဂပူမြို့နယ်အတွင်းရှိ ထောင်ပေါ်ကုန်း အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်သက်ဆွေက ကျောင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး ဗဟိုအလုပ် အမှုဆောင်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ကြခင်းမြို့ အမှတ်(၁၁၆)သစ်စက်သို့ ရောက်ရှိရာ အထွေထွေမန်နေဂျာ ဦးဝေလင်းအောင်နှင့် တာဝန်ရှိသူများက စက်လည်ပတ်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးကာ သစ်စက်အတွင်း သစ်ခွဲစိတ်လည်ပတ်နေမှုနှင့် သစ်ခွဲသားများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

# စင်ကာပူသမ္မတနိုင်ငံ အမျိုးသားနေ့ ဝန်ကြီးဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

**ရန်ကုန် ဩဂုတ် ၉**

၂၀၀၅ခုနှစ် ဩဂုတ် ၉ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ နှစ်(၄၀)မြောက် နှစ်ပတ်လည်အမျိုးသားနေ့တွင်ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ စင်ကာပူနိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဂျော့ယောင်ဘွန်းရီယို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

# ဇလွန်မြို့နယ်အသင်း ဝါဆိုသင်္ကန်း ကပ်လှူမည်

**ရန်ကုန် ဩဂုတ် ၈**

ဇလွန်မြို့နယ်အသင်း (ရန်ကုန်)၏ ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဩဂုတ် ၂၀ရက်(စနေနေ့) မွန်းလွဲ၂နာရီတွင် အသင်းတိုက်တည်ရာ အမှတ်(၇၇)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

အသင်းသူအသင်းသားများနှင့်စေတနာရှင်အပေါင်းတို့သည် နာယကများဖြစ်ကြသော ဦးအောင်သန်း ဖုန်း–၅၇၇၆၆၄၊ ဦးလှထွန်း ဖုန်း–၅၃၄၇၃၉၊ ဥက္ကဋ္ဌ ဦးလှမြင့်(ကေသီပန်) ဖုန်း–၅၁၀၃၆၇နှင့် ၅၁၀၆၁၇၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသောဦးသိန်း ဖုန်း–၅၈၄၁၉၁ နှင့် ဦးကျော်ငြိမ်း ဖုန်း–၅၅၉၀၅၉၊ အတွင်းရေးမှူး ဦးညွန့်မောင် ဖုန်း–၅၄၀၂၇၈ နှင့် တွဲဖက်အတွင်းရေးမှူး(၁) ဦးအေးစန်း ဖုန်း–၅၂၅၅၇၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က–ပ)

# လုပ်ငန်းညှိနှိုင်းပွဲ အတွေ့အကြုံရှင်းလင်း

**ရန်ကုန် ဩဂုတ် ၈**

ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်းဥပဒေအရာရှိများ၏ (၂၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲအတွေ့အကြုံ ရှင်းလင်းခြင်းအခမ်းအနားကို ရန်ကုန်တိုင်း ဥပဒေရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၅ရက် နံနက် ၁၀နာရီကကျင်းပရာ တိုင်းဥပဒေအရာရှိ ဦးကျော်မိုးနိုင်က ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်းဥပဒေအရာရှိများ၏ (၂၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံများနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များ၊ ရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်များနှင့် ညွှန်ကြားရေးမှူးချုပ်တို့၏ အမှာစကားများကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)** (တိုင်းဥပဒေ)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၉–၈–၂၀၀၅ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈း၀၀ ၆။ အကပြိုင်ပွဲ
- ၈း၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၂၀ ၈။ ဖောင်းကတောရေလှောင်တမံ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Let's Go.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ တေးဂီတအစီအစဉ်
- ၄း၄၅ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)**
- ၅း၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅း၀၅ ၆။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ)(အဆင့်မြင့်ပညာအဆင့်)(အမျိုးသား၊အမျိုးသမီး)
- ၅း၁၅ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
- ၅း၃၀ ၈။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၅း၄၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၁၀ ၁၀။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်ကလေး"(အပိုင်း–၁၂)**
- ၆း၃၀ ၁၁။ ညနေခင်းသတင်း
- ၇း၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေးနီမလေးရဲ့ချစ်ပုံပြင်" (အပိုင်း–၁၂)**
- ၇း၃၅ ၁၄။ "ထာဝစဉ်နုလှ မြန်မာ့ဂီတ" (အတီးပညာဘာသာရပ် ဆွေးနွေးခန်း) (အပိုင်း–၃)
- ၇း၄၅ ၁၅။ (၂၃)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့ဝင်များ ကြိုတင်ပြင်ဆင်မှုများ (ဘော့စ်ဘော)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောနေခြည်" (အပိုင်း–၂)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

# ကမ္ဘာ့ ရေနံအရင်းအမြစ်များ တစ်စစကုန်ခန်းလာ စွမ်းအင်ခေတ်ကဏ္ဍသစ်ဖွင့်လှစ်ရေး ကြိုးပမ်းရမည်

လန်ဒန် ဩဂုတ် ၇

**ကမ္ဘာပေါ်တွင် ရေနံအရင်းအမြစ်များ တစ်စစကုန်ခန်းလာနေပြီဖြစ်ကြောင်း၊ ကမ္ဘာ့စွမ်းအင် အကျပ်အတည်းကို ရင်ဆိုင်နိုင်စေရေးအတွက် ကမ္ဘာ့ပြည်သူများက ပါဝင်ကူညီရန်လိုအပ်ကြောင်း စွမ်းအင်ဆိုင်ရာ ထိပ်တန်းကုမ္ပဏီများ၏ ကြော်ငြာများတွင် ဖော်ပြထားသည်။**

ကမ္ဘာ့နိုင်ငံများသည် စွမ်းအင်ဆိုင်ရာ စိန်ခေါ်မှုကြီးများကို ရင်ဆိုင်နေကြရပြီဖြစ်ကြောင်း၊ စွမ်းအင်အကျပ်အတည်း ပြဿနာကို အလွယ်တကူ ဖြေရှင်းနိုင်မည့် နည်းလမ်းများမရှိကြောင်း၊ ကမ္ဘာ့အကြီးဆုံး စွမ်းအင်အုပ်စု ဖြစ်သော အက္ကဆွန်မိုဘိုင်း ကုမ္ပဏီ၏ ကြော်ငြာတစ်ခုတွင် ဖော်ပြထားကြောင်း ဖိုင်နယ်ရှယ်လ်တိုင်းမ်စ် သတင်းစာက သောကြာနေ့တွင် ရေးသားဖော်ပြသည်။

ရေနံတင်ပို့ရောင်းချသော နိုင်ငံများအဖွဲ့ (အိုပက်) အဖွဲ့ဝင်မဟုတ်သော အခြားနိုင်ငံများ၏ ရေနံထုတ်လုပ်မှုမှာ ငါးနှစ်မျှသာ ကြာမြင့်သည့်ကာလအတွင်း အမြင့်ဆုံးအဆင့်အထိ ရောက်ရှိလာမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် အခြေစိုက် အာဗင်ကုမ္ပဏီက ထုတ်ပြန်သော စွမ်းအင်ထုတ်လုပ်မှု ရှေ့အလားအလာဟူ၍ အမည်ပေးထားသည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံရှိ စွမ်းအင်ကုမ္ပဏီများအနက် ဒုတိယအကြီးဆုံးဖြစ်သော ချက်ဗ်ရွန်ကုမ္ပဏီကလည်း စွမ်းအင်ပြဿနာနှင့် ပတ်သက်နေသော သတိပေးချက်များကို ထုတ်ပြန်ခဲ့သည်။

စွမ်းအင်ကို လွယ်လင့်တကူ ထုတ်ယူနိုင်သည့် ခေတ်ကာလမှာ ကုန်ဆုံးသွားပြီဖြစ်ကြောင်း၊ စွမ်းအင်ခေတ်သစ်အတွက် တစ်ခန်းတစ်ကဏ္ဍ ဖွင့်လှစ်ရန် သိပ္ပံပညာရှင်များ၊ ပညာရေးမှူးများ၊ နိုင်ငံရေးသမားများ၊ မူဝါဒရေးဆွဲသူများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်သူများ၊ စက်မှုလုပ်ငန်းခေါင်းဆောင်များနှင့် ပြည်သူတစ်ဦးချင်းစီကို မိမိတို့ တိုက်တွန်းကြောင်း ချက်ဗ်ရွန်ကုမ္ပဏီ ကြော်ငြာအစီအစဉ်တစ်ရပ်တွင် ဖော်ပြထားသည်။

ကမ္ဘာ့ရေနံဝယ်လိုအားမှာ တရိပ်ရိပ် ထိုးတက်နေပြီး ရေနံမြေများတည်ရှိမှုမှာ တစ်စစ ယုတ်လျော့ကျဆင်းလာနေကြောင်း၊ စွမ်းအင်ဆိုင်ရာ ဖိုရမ်ဆွေးနွေးပွဲတစ်ရပ်ကျင်းပရန် မိမိတို့ကမ်းလှမ်းကြောင်း ယင်းကုမ္ပဏီ၏ အင်တာနက် ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် လုံခြုံရေး ဆောင်ရွက်နေသော အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များကို ဩဂုတ် ၅ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

## နိုင်ငံတကာ သတင်းများ

# အာဖဂန်နိုင်ငံတွင် ဟမ်းဗီးယာဉ်တိမ်းမှောက် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ရေနစ်သေဆုံး

ကဘူး ဩဂုတ် ၇

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် ကင်းလှည့်နေစဉ်အမေရိကန်တပ်ဖွဲ့မှ ဟမ်းဗီးယာဉ်တစ်စီးသည် ရေလွှမ်းမိုးနေသော မြစ်အတွင်းကျခဲ့သည့်အတွက် တပ်ဖွဲ့ဝင်နှစ်ဦးမှာ ရေနစ်သေဆုံးသွားရကြောင်း အမေရိကန်စစ်ဘက်က ဩဂုတ် ၆ ရက်တွင် ပြောကြားသည်။

အခင်းဖြစ်ပွားမှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦးမှာ သေဆုံးသွားသော်လည်း အခြားနှစ်ဦးမှာ အသက်ဘေးမှလွတ်မြောက်ခဲ့သည်။ ဟမ်းဗီးကား ရေထဲသို့ကျသွားသည့် ဩဂုတ် ၄ရက် တစ်ရက်တည်းမှာပင် အာဖဂန်တောင်ပိုင်း၌ ကန်စစ်ယာဉ်တန်းကို ချုံခိုတိုက်ခိုက်ခံရသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားရသည်။

အာဖဂန်နိုင်ငံကို ကန်တပ်ဖွဲ့က ၂၀၀၁ခုနှစ်တွင် ဝင်ရောက်သိမ်းပိုက်ခဲ့သည်။ ထိုစဉ်မှစ၍ ယနေ့အချိန်အထိအာဖဂန်တွင် သေဆုံးရသော ကန်တပ်ဖွဲ့ဝင်စုစုပေါင်းမှာ ၄၀ ရှိသွားပြီဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများတွင် ဖြစ်ပေါ်နေသော ခုခံတိုက်ခိုက်မှုများကြောင့် သေဆုံးရသော အရပ်သူ၊ အရပ်သားဦးရေပေါင်းမှာ ရာပေါင်းများစွာ ရှိခဲ့ပြီဖြစ်ကြောင်း သတင်းများကဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***

# အီရတ်နိုင်ငံ၌ လမ်းဘေးဗုံးများ ကန်တပ်ဖွဲ့ကို အထိနာစေလျက်ရှိ

ဘဂ္ဂဒက် ဩဂုတ် ၇

**လွန်ခဲ့သည့်ရက်သတ္တပတ်က အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ၁၄ဦး သေဆုံးခဲ့ရသော လမ်းဘေး၌ ပေါက်ကွဲမှုများဖြစ်စေသည့် ဗုံးများသည် အီရတ်ရောက် အမေရိကန်တပ်ဖွဲ့ဝင်များကို အဓိကအထိနာစေနိုင်သော လက်နက်တစ်မျိုးဖြစ်ကြောင်း၊ အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုသည် ကျည်ဆန်များ၊ ရှော့ကက်ဒုံးကျည်များနှင့် စိန်ပြောင်းများဖြင့် တိုက်ခိုက်ခံရမှုကြောင့် သေဆုံးမှုထက် ပိုမိုများပြားကြောင်း အမေရိကန်တပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။**

အီရတ်နိုင်ငံတွင် ဆက်လက်ဖြစ်ပေါ်နေသော ပြောက်ကျားတိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုမှာ ယခုအချိန်အထိ ၁၈၂၀ ကျော်လွန်သွားပြီဖြစ်သည်။

အီရတ်ပဋိပက္ခသည် ကမ္ဘာစစ်ပွဲများနှင့် ဗီယက်နမ်စစ်ပွဲတို့နှင့် တူညီခြင်းမရှိကြောင်း၊ ယင်းစစ်ပွဲများ ဖြစ်ပွားခဲ့စဉ်က အမြောက်တပ်ဖွဲ့က ကျောထောက် နောက်ခံပြုပေးထားသော ရန်သူတိုက်ခိုက်ရေးသမားများက အမေရိကန်စစ်စခန်းများကို တိုက်ခိုက်ခဲ့ကြကြောင်း၊ အီရတ်နိုင်ငံရှိ နာဂျက်ဖ်၊ ကာဘာလာနှင့် ဖော်လူဂျာတို့ကဲ့သို့သော မြို့ကြီးများတွင် လွန်ခဲ့သည့်နှစ်က ဖြစ်ပွားခဲ့သည့် တိုက်ပွဲများ၊ သို့မဟုတ် ၂၀၀၃ခုနှစ်တွင် အမေရိကန်တပ်ဖွဲ့၏ ကျူးကျော်တိုက်ခိုက်မှုကာလအတွင်း နဆာရီယာမြို့၌ ဖြစ်ပွားခဲ့သည့် တိုက်ပွဲမျိုးကို ယခုအခါ တွေ့မြင်နိုင်တော့ခြင်းမရှိကြောင်း အမေရိကန်တပ်ဖွဲ့ ပြောရေးဆိုခွင့်သူက ပြောကြားသည်။

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များသည် စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှုနှင့် အပြန်အလှန်ပစ်ခတ်မှုတို့ဖြင့် သေဆုံးရမှုများ ဆက်လက် ပေါ်ပေါက်နေဆဲဖြစ်သည်။

အီရတ်နိုင်ငံတွင် ပြီးခဲ့သည့် ဩဂုတ် ၁ရက်က ခုခံတိုက်ခိုက်ရေးသမားများ၏ ချုံခိုတိုက်ခိုက်မှုကြောင့် မရိန်းလက်ဖြောင့်တပ်သားခြောက်ဦး သေဆုံးခဲ့ရသည်။ ***အင်တာနက်။***

ဩဂုတ် ၄ ရက်က ယူဖရေးတီးမြစ်အနီး လမ်းဘေးဗုံးထိမှန်၍ အမေရိကန် မရိန်းတပ်ဖွဲ့ဝင် ၁၄ ဦး သေဆုံးသွားသည့် နေရာကို ကန်တပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# ဘဂ္ဂဒက် အဝေးပြေးလမ်းတွင် ကားဗုံးဖောက်ခွဲ အရပ်သားသုံးဦးဒဏ်ရာရ

**ဘဂ္ဂဒက် ဩဂုတ် ၇**

ဘဂ္ဂဒက်မြို့ အရှေ့တောင်ပိုင်းတွင် ဩဂုတ် ၆ ရက်က အမေရိကန်စစ်ယာဉ်တန်းကို ကားဗုံးဖောက်ခွဲ၍ တိုက်ခိုက်သည့် အဖြစ်အပျက်တစ်ခု ဖြစ်ပွားခဲ့ရာ အရပ်သားသုံးဦး ဒဏ်ရာရရှိခဲ့ကြသည်ဟု ရဲတပ်ဖွဲ့ဆိုင်ရာမှလာသော သတင်းက ဆိုသည်။

ဘဂ္ဂဒက် အဝေးပြေးလမ်းမပေါ်ရှိ နီလာရီယာအရပ်အနီးသို့ ကန်ယာဉ်တန်းရောက်ရှိလာစဉ် နံနက် ၉ နာရီ မိနစ် ၅၀ က ပေါက်ကွဲစေတတ်သော ပစ္စည်းများတင်ဆောင်ထားသည့် ကားတစ်စီးကို ယာဉ်တန်းအတွင်း မောင်းသွင်းကာ ဖောက်ခွဲတိုက်ခိုက်လိုက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲမှု ဖြစ်ပွားပြီးလျှင်ပြီးချင်း အခင်းဖြစ်ပွားရာနေရာကို အမေရိကန်တပ်ဖွဲ့ဝင်များက ပိတ်ဆို့ထားလိုက်သည့်အတွက် အဆိုပါ အဖြစ်အပျက်အတွင်း အမေရိကန်တပ်ဖွဲ့များ ထိခိုက်ဒဏ်ရာရရှိခြင်း ရှိ၊ မရှိ ရှင်းရှင်းလင်းလင်း မသိရသေးပေ။

***အမ်အင်အေ၊ဆင်ဟွာ။***

# မိုဇမ်ဘစ်တွင် အိဒ်စ်ရောဂါကြောင့် မိဘမဲ့ကလေး ၈၇၀၀၀ရှိ

**မာပူတို ဩဂုတ် ၇**

မိုဇမ်ဘစ်နိုင်ငံတွင် အိဒ်စ်ရောဂါကြောင့် မိဘများသေဆုံးသွား၍ ကလေးပေါင်း ၈၇၀၀၀ နီးပါးမှာ မိဘမဲ့ကလေးများဖြစ်နေကြကြောင်း အမျိုးသား စာရင်းအင်းဌာန (အိုင်အင်အီး)က ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

ယင်းအစီရင်ခံစာကို မာနီကာပြည်နယ်တွင်မကြာမီက ကျင်းပခဲ့သည့် အစည်းအဝေးတစ်ရပ်တွင် တင်သွင်းခဲ့သည်။ မိုဇမ်ဘစ်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြသည်။ အရွယ်ရောက်ပြီးသူများ အများဆုံးပါဝင်သည့် မိုဇမ်ဘစ်နိုင်ငံသား ၇၀၀၀၀ နီးပါးမှာ အိဒ်စ်ရောဂါကြောင့် ၂၀၀၂ ခုနှစ်မတိုင်မီ သေဆုံးခဲ့ကြောင်း၊ မိဘမဲ့ဖြစ်သွားရသည့်ကလေး အများအပြား ကျန်ရစ်ခဲ့ကြောင်း အိုင်အင်အီးမှ ကိုယ်စားလှယ် အမီလီယာနာခါရီက ပြောကြားသည်။ မိဘမဲ့ကလေးအများစုကို နိုင်ငံ၏ အလယ်ပိုင်းဒေသတွင် တွေ့ရသည်။ အလယ်ပိုင်းဒေသတွင် မိဘမဲ့ကလေး ၅၈၀၀၀ ရှိပြီး တောင်ပိုင်းဒေသတွင် ၂၁၀၀၀ နှင့် မြောက်ပိုင်းဒေသတွင် ၈၀၀၀ အသီးသီးရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အမေရိကန်၏ အပြစ်ပုံချမှု ဆီးရီးယားက ငြင်းဆို

**ဒမတ်စကပ် ဩဂုတ် ၇**

စစ်ကြောင့်ပျက်စီးနေသော အီရတ်နိုင်ငံတွင် မငြိမ်မသက်မှုများဖြစ်ပေါ်ရခြင်းအတွက် ဆီးရီးယားနိုင်ငံ၌ တာဝန်ရှိသည်ဆိုသော အမေရိကန်နိုင်ငံ၏ စွပ်စွဲချက်များကို ယင်းနိုင်ငံက စနေနေ့တွင် ငြင်းဆိုလိုက်သည်။

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် ကျင်းပသည့် နိုင်ငံခြားဆက်ဆံရေးကောင်စီ ဆွေးနွေးပွဲတစ်ရပ်တွင် အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါနယ်လ်ရမ်းစဖဲလ်က မိန့်ခွန်းပြောကြားရာ၌ ဆီးရီးယား ဆန့်ကျင်ရေးဝေဖန်ချက်များ ပါရှိပြီး အမေရိကန်၏စွပ်စွဲချက်သည် အခြေအမြစ်မရှိကြောင်း ဆီးရီးယားနိုင်ငံပိုင်ရေဒီယိုက ထုတ်လွှင့်သည်။

နိုင်ငံတကာ အကြမ်းဖက်မှုတိုက်ဖျက်ရေး အစီအစဉ်များအားလုံးကို ဆီးရီးယားနိုင်ငံက ထောက်ခံကြောင်း ရေဒီယို၏ သတင်းဝေဖန်ချက်တွင် ပါရှိသည်။

ဆီးရီးယားနိုင်ငံပိုင် သတင်းစာဖြစ်သော တစ်ရှ်ရင်သတင်းစာကလည်း ဆီးရီးယားဆန့်ကျင်ရေး အမေရိကန်၏စွပ်စွဲချက်ကို ဝေဖန်ရေးသားသည်။

ဆီးရီးယားနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိသည်ဟု ထပ်တလဲလဲပြောဆိုခဲ့ပြီးဖြစ်ကြောင်း၊ အီရတ်နိုင်ငံအတွင်းသို့ ထိုးဖောက်ဝင်ရောက်ကာ အမေရိကန်တပ်ဖွဲ့ကို ခုခံတိုက်ခိုက်လိုသော ခုခံတိုက်ခိုက်သူရာပေါင်းများစွာကို ၎င်းတို့၏ သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ ပြန်လည်ပို့ခဲ့ပြီးဖြစ်ကြောင်း အဆိုပါ သတင်းစာတွင် ရေးသားထားသည်။

***အင်တာနက်။***

# မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးမှုမြှင့်တင်နိုင်ရေး ကြိုးပမ်းမည် နယ်စပ်ဒေသများကို ငြိမ်းချမ်းပြီး သာယာဝပြောမှုရှိရန် တည်ဆောက်

ဆီအမ်ရိ(ကမ္ဘောဒီးယား) ဩဂုတ် ၇

**မဟာမဲခေါင်ဒေသခွဲ နိုင်ငံများတွင် ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်နိုင်စေရေးအတွက် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရန် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံ ငါးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများက သောကြာနေ့တွင် သန္နိဋ္ဌာန်ပြုလိုက်ကြသည်။**

ဧရာဝတီ – ကျောက်ဖရား – မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အေစီအမ်အီးစီအက်စ်) နိုင်ငံခြားရေးဝန်ကြီးများ၏ တစ်ရက်ကြာ အစည်းအဝေးအပြီး ထုတ်ပြန်သည့် ပူးတွဲကြေညာချက်တွင် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရန် သဘောတူညီကြကြောင်း ဖော်ပြထားသည်။ အေစီအမ်အီးစီအက်စ် နိုင်ငံခြားရေးဝန်ကြီးများသည် ၎င်းတို့၏ မိတ်ဖက်အဖွဲ့အစည်းများနှင့် နိုင်ငံများဖြစ်သော အာရှဖွံ့ဖြိုးရေးဘဏ်၊ ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ ဂျပန်နှင့် စင်ကာပူနိုင်ငံတို့မှ တာဝန်ရှိသူများနှင့်လည်း သီးခြားအစည်းအဝေး တစ်ရပ်ကို ကျင်းပခဲ့ကြသည်။

ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအရ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်းကို နယ်ပယ်ကဏ္ဍပေါင်းစုံတွင် ပြုလုပ်နိုင်ရန် နည်းလမ်းများ ရှာဖွေသွားကြမည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များတွင်လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင်လည်းကောင်း ပူးပေါင်းဆောင်ရွက်မှုများ သိသိသာသာ တိုးတက်လာသော်လည်း ဒေသတွင်း စီမံကိန်းများအတွက် ပိုမိုပူးပေါင်း ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

မဟာမဲခေါင်ဒေသခွဲ နိုင်ငံငါးနိုင်ငံတို့သည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အိမ်နီးချင်းကောင်း ဆက်ဆံရေးမြှင့်တင်ရန်နှင့် နယ်စပ်ဒေသများကို ငြိမ်းချမ်းပြီး သာယာဝပြောသော ဇုန်နယ်မြေအဖြစ်သို့ တည်ဆောက်ရန်ဟူသော ရည်မှန်းချက်များ ပေါက်မြောက်လာစေရန် ကြိုးပမ်း ဆောင်ရွက်ကြမည်ဖြစ်ကြောင်း အဆိုပါ ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

***အမ်အမ်အေ၊ဆင်ဟွာ။***

**အမေရိကန်နိုင်ငံ နယူးယောက်လေဆိပ်တွင် လုံခြုံရေးတင်းကျပ်ထားရာ ခရီးသည်များအား တစ်ဦးချင်းရှာဖွေနေသည်ကို ဩဂုတ် ၇ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

# ဘင်္ဂလားဒေ့ရှ် အထည်အလိပ်စက်ရုံများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်း သန့်စင်ရေးစက်ကိရိယာများ တပ်ဆင်ရန်သဘောတူ

ဒါကာ ဩဂုတ် ၇

**ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုအခြေအနေကို အကာအကွယ်ပေးနိုင်ရန်အတွက် နိုင်ငံအတွင်းရှိ အသေးစားနှင့်အလတ်စား အထည်အလိပ်စက်ရုံများ၌ ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းချုပ်ရေးစက်ကိရိယာများ (အီးတီပီ) တပ်ဆင်သုံးစွဲကြရန် လုပ်ငန်းရှင်များနှင့်အာဏာပိုင်တို့အကြား သဘောတူညီကြသည်။**

ထိုပစ္စည်း ကိရိယာများကို စက်ရုံအကြီးစားများတွင် တပ်ဆင်အသုံးပြုပါက အမေရိကန် ဒေါ်လာ ၃၃၀၀၀၀ အထိ ကုန်ကျမည်ဖြစ်ပြီး အလတ်စားစက်ရုံများတွင် တပ်ဆင်အသုံးပြုမည်ဆိုပါက ကုန်ကျစရိတ်သည် အမေရိကန် ဒေါ်လာ ၁၆၀၀၀ မှ ၂၀၀၀၀ အထိရှိနိုင်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ အထည်အလိပ်စက်ရုံများ အသင်း (ဘီတီအမ်အေ) နှင့် သစ်တောနှင့် သဘာဝဝန်းကျင်ဌာနများမှ ရရှိသော သတင်းများအရ သိရကြောင်း ဩဂုတ် ၅ ရက်ထုတ် ဖိုင်နယ်ရှယ်အိတ်စပရက် သတင်းက ဖော်ပြသည်။

အီးတီပီ စက်ကိရိယာများသည် ဆေးဆိုးပန်းရိုက်စက်ရုံအပိုင်းမှ ထွက်လာသော ရေဆိုး ရေညစ်များကို တစ်စိတ်တစ်ဒေသဖြစ်စေ သို့မဟုတ် ၅၀ ရာခိုင်နှုန်းအထိဖြစ်စေ သန့်စင်သွားအောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်ဟု ဆိုသည်။

**စစ်ဆေး**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု ဦးစီးဌာနမှ အဖွဲ့ပေါင်း ငါးဖွဲ့တို့သည် မြို့တော်ပတ်ဝန်းကျင်ရှိ အထည်အလိပ်စက်ရုံပေါင်း ၉၀ တို့ကို ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၂ ရက်အတွင်း ဝင်ရောက်စစ်ဆေးခဲ့ကြသည်။

ထို့သို့စစ်ဆေးရာ၌ စက်ရုံ ၆၈ ရုံသည် ပတ်ဝန်းကျင် ညစ်ညမ်းမှု ကာကွယ်ရေးဆိုင်ရာ ဥပဒေပါ စည်းကမ်းများကို ချိုးဖောက်သဖြင့် တရားစွဲဆိုရန် စစ်ဆေးရေးအဖွဲ့များက စီစဉ်ခဲ့ကြသည်ဟု သတင်းစာက ဖော်ပြသည်။

ထိုစက်ရုံများတွင် ဝန်းကျင်ကို သန့်ရှင်းပေးမည့် အီးတီပီကိရိယာများ မရှိသဖြင့် ပတ်ဝန်းကျင်ရှိ လေထုနှင့် ရေထုကိုများစွာ ညစ်ညမ်းမှုဖြစ်ပေါ်စေသည်ဟု ဆိုသည်။ အီးတီပီကိရိယာ တပ်ဆင်ထားသော စက်ရုံများတွင်လည်း လျှပ်စစ်ဓာတ်အား သုံးစွဲမှု သက်သာစေရန် ကိရိယာများ ပိတ်ထားသည်ကို စစ်ဆေးတွေ့ရှိကြရကြောင်း စစ်ဆေးချက်အစီရင်ခံစာများတွင် ဖော်ပြထားသည်။

အထည်အလိပ် စက်ရုံကြီးများမှာ ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာ စည်းကမ်းများနှင့် အညီအညွတ် ဆောင်ရွက်သည်ကို တွေ့ရှိခဲ့ကြရသော်လည်း စက်ရုံအသေးစားများနှင့် အလတ်စားများတွင်မူ ထိုစည်းကမ်းကို လိုက်နာရန် ပျက်ကွက်ကြသည်ကို တွေ့ကြရကြောင်း အစီရင်ခံထားသည်။

များသောအားဖြင့် စက်ရုံငယ်များနှင့် အလတ်စားများသည် အနည်းဆုံး လွန်ခဲ့သော အနှစ် ၂၀ ကာလကတည်းက တည်ထောင်ထားသော စက်ရုံများဖြစ်ကြောင်း ဘီတီအမ်အေအဖွဲ့မှ ဥက္ကဋ္ဌ အမ်အေအာဝါးလ်က ပြောကြားသည်။ ထို့အပြင် ယင်းစက်ရုံများသည် အဆိုပါ ကိရိယာမျိုး တပ်ဆင်နိုင်သောဘဏ္ဍာရေး အခြေအနေမျိုးလည်း ပြည့်စုံခြင်းမရှိကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဝက်မှ ကူးစက်ရောဂါ စီချွမ်ပြည်နယ်တွင် ဖြစ်ပွား လူ ၁၀၀ ကျော် ဆေးရုံတင်ထားရ

**ပေကျင်း ဩဂုတ် ၇**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် ဝက်ကြောင့် ကူးစက်ရသောရောဂါ ဖြစ်ပွားမှုအသစ်နှစ်မှုကို ဩဂုတ် ၄ ရက်က ထပ်မံတွေ့ရှိရသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

ဝက်မှတစ်ဆင့် ကူးစက်လာသောရောဂါဖြစ်ပွားမှုကို ဇူလိုင် ၂၈ ရက်၊ ၃၁ ရက်၊ ဩဂုတ် ၃ ရက် နှင့် ၄ ရက်များတွင် တွေ့ရှိခဲ့ရသည် ဆိုသော သတင်းအချက်အလက်များကို တရုတ်နိုင်ငံ ကျန်းမာရေးဌာနက ဝက်ဘ်ဆိုက်တွင်တင်၍ ဖော်ပြထားသည်။

ထိုရောဂါမှာ ဆွိုင်းစရက်ပတိုကိုးကပ်စ်ပိုးတစ်မျိုးကြောင့် ကူးစက်ရခြင်းဖြစ်ကြောင်း သိရသည်။

ထိုရောဂါကြောင့် ဆေးရုံတင်ထားရသူများအနက် သုံးဦးကို ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ပြီဖြစ်သည်။ အသေအပျောက်ရှိသည်ဆိုသော သတင်းတစ်စုံတစ်ရာကို ကြားသိရခြင်းမရှိသေးပေ။ ယနေ့အချိန်အခါအထိ အဆိုပါရောဂါကြောင့် ဆေးရုံတင်ထားရသူ ၁၄၁ ဦးရှိပြီး ၎င်းတို့အနက်မှ ၁၅ဦး၏ အခြေအနေမှာ စိုးရိမ်ရကြောင်း ဆေးရုံမှ လာသောသတင်းများက ဆိုသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ် ဖိုရှန်မြို့ရှိ အထည်အလိပ်စက်ရုံတစ်ရုံတွင် ပြည်ပသို့ တင်ပို့ရောင်းချမည့် အထည်အလိပ်ပစ္စည်းများ ထုပ်ပိုးရန် ပြင်ဆင်နေသည်ကို ဩဂုတ် ၇ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

# နိုင်ငံတကာ သတင်းများ

# ပေါ်တူဂီတွင် အပူချိန်မြင့်မားပြီး တောမီးလောင်ကျွမ်း မီးသတ်သမားခြောက်ဦးသေဆုံးပြီး သစ်တောပျက်စီး

**လစ္စဘွန်း ဩဂုတ် ၇**

ပေါ်တူဂီနိုင်ငံတွင် အပူချိန်ဒီဂရီ ၄၅ ဆယ်လ်စီးယပ်အထိ မြင့်မားနေချိန်တွင် နိုင်ငံ၏ နေရာပေါင်း ၃၁ နေရာတို့၌ တောမီးများ လောင်ကျွမ်းနေသည်ကို ဩဂုတ် ၅ ရက်တွင် ထွက်ပေါ်လာသည့် မီဒီယာသတင်းများ၌ ဖော်ပြထားသည်။

အကြီးအကျယ် လောင်ကျွမ်းနေသော တောမီးများကို ငြိမ်းသတ်ရန် မီးသတ်သမားပေါင်း ၂၈၀၀ ခန့်တို့က ကြိုးပမ်းလျက်ရှိကြသည်။ သမိုင်းမှတ်တမ်းများအရဆိုပါက ယခုလောင်ကျွမ်းနေသော တောမီးသည် ၁၉၄၀ ပြည့်နှစ်မှစ၍ ရေတွက်လျှင် အဆိုးရွားဆုံး တောမီးပင်ဖြစ်ကြောင်း သိရသည်။ စပိန်နိုင်ငံဘက်ဆီမှ တိုက်ခတ်လာသော လေပူများကြောင့် ပေါ်တူဂီနိုင်ငံ၏တောမီး အခြေအနေမှာ ပို၍ဆိုးရွားလာခဲ့သည်။

တောမီးသည် ပေါ်တူဂီနိုင်ငံအလယ်ပိုင်း လီရီယာမြို့အနီးတွင် အခြေအနေအဆိုးရွားဆုံးဖြစ်သည်။ ထိုအရပ်ရှိ တောမီးများ အားကောင်းလှသည့်အတွက် မီးခိုးမြူများဆိုင်းလာကာ အနီးအနားရှိလမ်းမများတွင် အသွားအလာများရပ်ဆိုင်းခဲ့ရသည်။ ထို့အပြင် အခြေအနေမှာ ပိုမိုဆိုးရွားလာနိုင်သဖြင့် အဆိုပါမြို့၏ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ လူများကို နေရာရွှေ့ပြောင်းပေးခဲ့ရသည်။ ယခုနှစ်အတွင်း ပေါ်တူဂီတွင် လောင်ကျွမ်းလျက်ရှိသော တောမီးများကြောင့် မီးသတ်သမား ခြောက်ဦး အသက်ဆုံးရှုံးခဲ့ရပြီး သစ်တောမြေဧရိယာ ၆၈၀၀၀ ဟက်တာမှာ ပျက်စီးခဲ့ရပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ဖိလစ်ပိုင်တွင် သွေးလွန်တုပ်ကွေး ဖြစ်ပွားမှု မြင့်တက်လာ

**မနီလာ ဩဂုတ် ၈**

ဖိလစ်ပိုင်နိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလမှ ယနေ့အထိကာလအတွင်း ခြင်ကြောင့်ဖြစ်ပေါ်လာသော သွေးလွန်တုပ်ကွေးရောဂါ ခံစားရသည့်အတွက် အသက်ဆုံးရှုံးရသူဦးရေမှာ ၁၄၃ဦး ရှိသွားပြီဖြစ်ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက စနေနေ့တွင် ပြောကြားသည်။ ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ခုနစ်လတာအတွင်း သွေးလွန်တုပ်ကွေး ဖြစ်ပွားသူပေါင်း ၁၀၉၇၇ဦး ရှိခဲ့သည့်အတွက် ရောဂါဖြစ်ပွားသူဦးရေသည် ယခင်နှစ် အလားတူကာလကထက် ၉ ရာခိုင်နှုန်းပိုမိုများပြားခဲ့သည်ဟု ကျန်းမာရေးဌာနက ဖော်ပြသည်။

နိုင်ငံအဝန်းတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနသည် ဒေသဆိုင်ရာအာဏာပိုင်များနှင့်ပူးပေါင်းကာ ပညာပေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဗီယက်နမ် လက်မှုပညာပစ္စည်း တင်ပို့မှု ပထမ ခုနှစ်လတွင် မြင့်တက်

**ဟန်နွိုင်း ဩဂုတ် ၇**

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမခုနစ်လတာကာလအတွင်း အမေရိကန်ဒေါ်လာ ၃၁၆ သန်းတန်ဖိုးရှိ လက်မှုပညာပစ္စည်းများကို ပြည်ပသို့ တင်ပို့ခဲ့ကြောင်း၊ ယမန်နှစ် အလားတူကာလထက် ၄၃ဒသမ၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ကုန်ပစ္စည်းများတင်ပို့မှု မြှင့်တင်ရေးအတွက် ပစ္စည်းပုံစံအမျိုးမျိုး ပြောင်းလဲထုတ်လုပ်ရေး၊ ဈေးကွက်အခြေအနေ ကွင်းဆင်းလေ့လာရေးနှင့် ပြည်ပတွင် အရောင်းမြှင့်တင်ရေးတို့ကို ဦးတည်ဆောင်ရွက်မည်ဖြစ်ကြောင်း ဗီယက်နမ် ကုန်သွယ်ရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ကြေညာသည်။ ဗီယက်နမ်နိုင်ငံလုပ် လက်မှုပညာပစ္စည်းများ၏ အားနည်းချက်မှာ ဒီဇိုင်းအရည်အသွေး ညံ့ဖျင်းမှုဖြစ်ပြီး တရုတ်နှင့်ထိုင်းပစ္စည်းများကို မယှဉ်နိုင်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် အမေရိကန် ဒေါ်လာသန်း ၅၀၀ တန်ဖိုးရှိ လက်မှုပညာပစ္စည်းများကို တင်ပို့ရန်ရည်မှန်းထားသည်။ ယင်းပမာဏသည် ၂၀၀၄ ခုနှစ်ထက် ၂၁ဒသမ၉ ရာခိုင်နှုန်း ပိုမိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# နို့ချိုတိုက်ကာ မိသားစုအစာ၊ ရင်သွေးကျန်းမာချစ်ကြင်နာ

ဒေါက်တာ နီလာအောင်
(ကလေးအထူးကု)

မိခင်နို့တိုက်ကျွေးခြင်းသည် ကလေးသူငယ်များ၏ အသက်ရှင်သန်ကျန်းမာရေး၊ ကြီးထွားဖွံ့ဖြိုးရေးတို့အတွက် အလွန်အရေးကြီးသဖြင့် မိခင်နို့တိုက်ကျွေးရေးလှုပ်ရှားမှုများကို နှစ်စဉ် ဩဂုတ်လ ပထမပတ်၌ ကမ္ဘာတစ်ဝန်းနိုင်ငံအများအပြားတွင် ကျင်းပလျက်ရှိပါသည်။ ယခုနှစ်ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်၏ဆောင်ပုဒ်မှာ Breast feeding and Family foods, Loving and Healthy ဖြစ်၍ **"နို့ချိုတိုက်ကာ မိသားစုအစာ၊ ရင်သွေးကျန်းမာချစ်ကြင်နာ"**ဟု မြန်မာမှုပြုထားပါသည်။

မိခင်တစ်ယောက်သည် မိမိရင်သွေးအား မိမိရင်မှဖြစ်သော နို့ချိုတိုက်ကျွေးရင်း ဖြစ်ပေါ်လာသည့်ပီတိကို နို့ချိုတိုက်ကျွေးဖူးသော မိခင်တိုင်းသိရှိကြမည်ဖြစ်ပါသည်။ **"တုနှိုင်းမမီ၊ အမိနို့ရည်"**ဟု တင်စားဂုဏ်ပြုကြသည်။ မည်သည့်အစားထိုးအစားအစာမျှ မိခင်နို့ရည်ထက် သာလွန်ကောင်းမွန်ဖို့ဝေးစွ ဂုဏ်သတ္တိချင်းပင်ယှဉ်တု၍မရနိုင်ပါ။ ယနေ့ကမ္ဘာကြီးတွင် နည်းပညာများ အရှိန်အဟုန်ကြီးမားစွာ တိုးတက်ပြောင်းလဲပြီး တီထွင်မှုများ အံ့မခန်း ဖြစ်ပေါ်တိုးတက်နေစေကာမူ မိခင်နို့ရည်ကို မီအောင် တုနိုင်ခြင်း မရှိသေးပေ။

မိခင်နို့ရည်သည် သက်မဲ့အရည်တစ်မျိုး သက်သက်ဟု ထင်ရပါသည်။ သို့ရာတွင်အဏုကြည့်မှန်ပြောင်းဖြင့်ကြည့်လျှင် မိခင်နို့ရည်တွင် သွေးဖြူဥများ၊ အခြားသက်ရှိဆဲလ်များနှင့် ပဋိပစ္စည်းများမျောပါနေသည်ကို တွေ့ရသည်။ မိခင်နို့ရည်သည် သွေးကဲ့သို့အသက်ဆက်ပေးနိုင်သော ဂုဏ်သတ္တိရှိပါသည်။ အဘယ်ကြောင့်ဆိုသော် မိခင်နို့တွင် ပါရှိသော သက်ရှိဆဲလ်များ၊ ပဋိပစ္စည်းများသည် ရောဂါကို ခုခံတွန်းလှန်နိုင်သော ကိုယ်ခံစွမ်းအားများဖြစ်ကြပါသည်။ ကလေးသူငယ်များတွင် ရောဂါကာကွယ်ခုခံနိုင်သော စွမ်းအားသည် ကောင်းစွာ မဖွံ့ဖြိုးသေးသဖြင့် ရောဂါပိုးဝင်လွယ်ပြီး ရောဂါပို၍ ဖြစ်လွယ်ခြင်း၊ အသေအပျောက်များရခြင်းတို့ရှိပါသည်။ မိခင်နို့ကို သောက်စို့ခွင့်ရသောကလေးသူငယ်များမှာမူ မိခင်နို့မှ ရောဂါကိုတွန်းလှန်နိုင်သော ဓာတ်များကိုရရှိသောကြောင့် ကလေးသူငယ်များတွင် အသေအပျောက် အများဆုံး ရောဂါများဖြစ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အသက်ရှူလမ်းကြောင်းမှ ပိုးဝင်သောရောဂါများ ဖြစ်ပွားမှုသိသိသာသာနည်းပါးသည်ကို တွေ့ရှိရပါသည်။

**ထို့ပြင် မိခင်နို့သောက်စို့ခွင့်ရသောကလေးသည် စိတ်ဓာတ်လုံခြုံမှုရှိသည်။ မိခင်အပေါ် သံယောဇဉ်တွယ်တာသည်။ ထို့ကြောင့် မိခင်နို့တိုက်ကျွေးခြင်းသည် ရင်သွေးလေးများ၏ ကိုယ်ခန္ဓာ ကျန်းမာမှုကို သာမက စိတ်ဓာတ်ကျန်းမာကြံ့ခိုင်မှုကိုပါ ရရှိစေပါသည်။**

ကလေးသူငယ်များ၏ ကျန်းမာရေးကို စောင့်ရှောက်ရသော နေ့စဉ်လက်တွေ့ဘဝတွင် ကြုံတွေ့ရသည်မှာ မိခင်နို့ မစို့နိုင်လောက်အောင် မကျန်းမာသော ကလေးသူငယ်များအား မိခင်နို့ကိုညှစ်၍ ဇွန်းဖြင့်ဖြစ်စေ၊ အစာပိုက်မှတစ်ဆင့်ဖြစ်စေ နှစ်နာရီခြား၊ သုံးနာရီခြားထည့်ပေးခြင်းဖြင့် တစ်နေ့ထက်တစ်နေ့ ကျန်းမာရေး တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိရပါသည်။ ထိုကလေးသည် မိခင်နို့ကို ကောင်းစွာသောက်စို့လာနိုင်လျှင်မူ စိတ်ချရသော အခြေအနေသို့ ရောက်ရှိလာပြီဖြစ်ပါသည်။ ဤသည်မှာ မိခင်နို့တိုက်ကျွေးခြင်းသည် ကလေးသူငယ်ရှင်သန်ရေးနှင့် ကျန်းမာရေးအတွက် မည်မျှအရေးပါသည်ကို သိသာစေသော သာဓကတစ်ခုပင်ဖြစ်ပါသည်။

ကလေးသူငယ်များသည် ရှင်သန်ကျန်းမာရန်သာမက ခန္ဓာကိုယ်ကြီးထွားရန်၊ အသက်အရွယ်ကိုလိုက်၍ ဉာဏ်ရည်ဖွံ့ဖြိုးမှု ရှိရန်လည်း လိုအပ်ပါသည်။ မိခင်နို့တိုက်ကျွေးခြင်းသည် ကလေးသူငယ်များ၏ ရှင်သန်ကျန်းမာရေး၊ ကိုယ်ခန္ဓာကြီးထွားရေး၊ ဉာဏ်ရည်ဖွံ့ဖြိုးရေးတို့ကို အဘက်ဘက်မှ ရရှိပြည့်စုံစေပါသည်။ ထို့ကြောင့်ပင်လျှင် ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့က ကလေးသူငယ်များ ရှင်သန်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို ရရှိစေရန် နည်းဗျူဟာများကို ချမှတ်ရာတွင်–

Breast feeding --- **မိခင်နို့တိုက်ကျွေးခြင်း၊**

Food Supplementation --- **ဖြည့်စွက်စာကျွေးမွေးခြင်း၊**

Female education ---**အမျိုးသမီးများ၏ ပညာရည်တိုးတက်ပြီး ကျန်းမာရေးအသိပညာ ကြွယ်ဝစေခြင်း** ဟူသော နည်းဗျူဟာများကို ချမှတ်ခဲ့ပါသည်။ ထိုနည်းဗျူဟာများကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင် ကလေးသေဆုံးနှုန်း သိသိသာသာကျဆင်းလာသည် ကို တွေ့ရှိရပါသည်။

မိခင်နို့ရည်သည် ရင်သွေးများအတွက် အာဟာရစုံနှုန်းပြည့်ဝသည်။ မိခင်နို့တိုက်ကျွေးခြင်းဖြင့် ခြောက်လအောက်ကလေးများအတွက် လိုအပ်သော အာဟာရအားလုံးကိုလည်းကောင်း၊ ခြောက်လမှ တစ်နှစ်အထိ ကလေးများအတွက် လိုအပ်သော အာဟာရ၏ ထက်ဝက်ကိုလည်းကောင်း၊ တစ်နှစ်မှ နှစ်နှစ်အထိ ကလေးများအတွက် လိုအပ်သော အာဟာရ၏ သုံးပုံတစ်ပုံကို လည်းကောင်း ဖြည့်ဆည်းပေးနိုင်ပါသည်။

ခြောက်လအောက် ကလေးများအတွက် လိုအပ်သော အာဟာရကို မိခင်နို့ရည် တစ်မျိုးတည်းဖြင့် လုံလောက်စွာ ရရှိသည့်အတွက် ခြောက်လအောက်ကလေးများကို မိခင်နို့ တစ်မျိုးတည်းသာ တိုက်ကျွေးပါ။ ရေအပါအဝင်မည်သည့်အရည်၊ မည်သည့်အစာမျှ ထပ်မံတိုက်ကျွေးစရာ မလိုပါ။ မိခင်နို့တိုက်ကျွေးသည့် ဓလေ့ထွန်းကားသော မြန်မာမိခင်များသည် ခြောက်လအောက်ကလေးများအား မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်းကိုမူ တော်တော်များများ မလိုက်နာနိုင်ကြသည်ကို တွေ့ရပါသည်။ ပူအိုက်သောရာသီတွင် ကလေးရေဆာမည်စိုး၍ ရေတိုက်လေ့ရှိကြသည်။ ကလေးနှစ်လသား၊ သုံးလသားအရွယ်ကတည်းက ထမင်းခွံ့ကြသည်။ မိခင်များသည် မိမိနို့ဖြင့် လုံလောက်သည်ဟုယုံကြည်မှုမရှိသဖြင့် ကလေးနို့မဝမှာစိုးသည့်အတွက် နို့မှုန့်နှင့် အခြား အာဟာရမှုန့်များကို စောစီးစွာ ဖြည့်စွက်ကျွေးမွေး လေ့ရှိကြသည်။ ရလဒ်မှာ မိခင်နို့လောက်မကောင်းသော အစာ၊အရည် တို့ဖြင့် ဗိုက်ပြည့်နေသော ကလေးသည် မိခင်နို့ကို ကောင်းစွာမစို့တော့ သဖြင့် မိခင်သည် အမှန်ပင် နို့ထွက် ကျဆင်းလာပြီး ကလေးသည်လည်းကြီးထွားမှု နှေးကွေးကြုံလှီခြင်း၊ ရောဂါဘယ ထူပြောခြင်းတို့ ဖြစ်လာရပါသည်။

မိခင်နို့အောင်မြင်စွာ မတိုက်ကျွေးနိုင်ရခြင်း၏ အများဆုံးတွေ့ကြုံသော ပြဿနာမှာလည်း မိခင်များက **"မိမိနို့သည် နို့ထွက်မကောင်း၊ မိမိကလေးသည် မိမိနို့ဖြင့်မဝ"** ဟူ၍ ထင်မြင်ပြီး စိုးရိမ်ပူပန်ကြခြင်းပင်ဖြစ်သည်။ အမှန်မှာ မိခင်တစ်ယောက်သည် မိမိကလေးကို တိုက်ကျွေးနိုင်ရန် နို့လုံလောက်စွာ ထွက်ရှိပါသည်။ အမြွှာမွေးသော မိခင်များပင် မိခင်တစ်ယောက်တည်းက အမြွှာကလေးနှစ်ယောက်အတွက် နို့လုံလောက်စွာ ထွက်ရှိပါသည်။ ထို့ကြောင့် မိခင်များ၏ စိုးရိမ်ပူပန်မှုကို ဖယ်ရှားပြီး မိခင်များအား မိမိကိုယ်မိမိ ယုံကြည်မှုရရှိရန်၊ မိခင်များ၏ ယုံကြည်မှုကို ထူထောင်ပေးရန် အရေးကြီးပါသည်။ ကျန်းမာရေး ဝန်ထမ်းများသည် မိခင်နို့တိုက်ကျွေးခြင်းနှင့်ပတ်သက်၍ မိခင်များကို ပညာပေးရာတွင် မိမိတို့တတ်ကျွမ်းထားသော နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းစွမ်းရည်များကို အသုံးချမှသာလျှင် မိခင်နို့စနစ်တကျ အောင်မြင်စွာ တိုက်ကျွေးခြင်းတည်းဟူသော ရည်မှန်းချက်အောင်မြင်နိုင်မည်ဖြစ်ပါသည်။

**"ဆရာမ၊ ကျွန်မနို့ထွက်ကောင်းအောင် ဘာစားရမလဲ၊ ဘယ်လိုလုပ်ရမလဲ"** ဟူသော မေးခွန်းကို ကျန်းမာရေးဝန်ထမ်းများ မကြာခဏ အမေးခံရတတ်ပါသည်။ အဖြေမှာ နို့ထွက်ကောင်းရန် တစ်ခုတည်းသောနည်းလမ်းမှာ ကလေးအား နို့စို့စေခြင်းပင်ဖြစ်ပါသည်။ ကလေးများများစို့လေ မိခင်နို့ပိုထွက်လေဖြစ်ပါသည်။ ထို့ကြောင့် ကလေးအား မီးဖွားပြီး စောနိုင်သမျှ စောစွာ မိခင်နို့စို့စေခြင်း၊ ကလေးနို့ဆာတိုင်း တိုက်ကျွေးခြင်း၊ ကလေးစို့နိုင်သလောက် ကြာကြာတိုက်ခြင်း၊ နေ့အခါတွင်သာမက ညမှာပါတိုက်ဖြစ်အောင်တိုက်ခြင်းတို့သည် မိခင်နို့လှိုင်လှိုင်ထွက်ရန် သေချာသော နည်းလမ်းများဖြစ်ပေသည်။

မိခင်နို့တွင် အာဟာရဓာတ်စုံလင်စွာပါရှိရန် မိခင်သည် အစားအစာအမျိုးမျိုးကို စုံလင်စွာစားသုံးသင့်ပါသည်။ နို့တိုက်မိခင်များသည် အစာအလွှန်ရှောင်ကြသည်။ ကလေးဝမ်းပုပ်မည်စိုး၍ ကြက်ဥ၊ဘဲဥမစားရဲခြင်း၊ ကလေးသန်ထမည်စိုး၍ အသားမစားရဲခြင်း၊ ကလေးလေနာမည်စိုး၍ အသီးအရွက်ရှောင်ကြဉ်ခြင်းတို့ကို နေ့စဉ်ကြားသိနေရပေသည်။ မိသားစုအတွင်းရှိ ရှေးရိုးစွဲလူကြီးများကလည်း မစားရန် မိခင်များကို အမျိုးမျိုးဟန့်တားလေ့ရှိကြသည်။ ကလေးတစ်ခုခုဖြစ်လျှင် နို့တိုက်မိခင်ပေါ် အရင်ဆုံး အပြစ်ပုံချတတ်ကြသည်။ ဤသို့ဖြင့် မိခင်များ၏ ထမင်းဝိုင်းကိုလေ့လာကြည့်လျှင် ငါးခြောက်ဖုတ်၊အသားပြုတ်ကြော်၊ ဟင်းခါးရည်များဖြင့်သာ စားလေ့ရှိကြသည်ကိုတွေ့ရပြီး သွေးအားနည်းရောဂါဖြင့် ဖြူဖပ်ဖြူရော်ဖြစ်ကာ အာဟာရဓာတ် ချို့တဲ့လာကြသည်။

နို့တိုက်မိခင်များတွင် မကြာခဏတွေ့ရလေ့ရှိသော အာဟာရဓာတ်ချို့တဲ့သည့်ရောဂါတစ်မျိုးမှာ ဗီတာမင်ဘီဝမ်း ဓာတ်ချို့တဲ့ခြင်းဖြစ်ပါသည်။ ထိုမိခင်များတွင် နုတ်ခမ်းထောင့်ကွဲနာများဖြစ်နေသည်ကို တွေ့ရပါသည်။ မိခင်များကိုမေးကြည့်လျှင် သူတို့သည် ဖြူနေအောင်ဖွပ်ထားသောဆန်ကို လက်နှစ်ဖက်ဖြင့်ပွတ်ဆေးပြီး ထမင်းရည်ငှဲ့ချက်ကြသည်။ ထိုအခါ ဆန်တွင်ပါရှိသော ဗီတာမင်ဘီဝမ်းဓာတ်များ ဆုံးရှုံးကုန်ပါသည်။ ထို့ပြင် ဘီဝမ်းဓာတ်ကြွယ်ဝသော အသား၊ ဥ၊ အသီးအရွက်များကို ရှောင်ကြပြန်သောအခါ မိခင်များသည် ဗီတာမင် ဘီဝမ်းဓာတ် ချို့တဲ့သော ရောဂါ ရရှိလာကြခြင်းဖြစ်ပါသည်။ ဗီတာမင်ဘီဝမ်းချို့တဲ့သော အမေသည် ထုံနာကျဉ်နာစွဲကပ်ပြီး အိပ်ရာထဲမှ မထနိုင်သည်အထိ ဖြစ်နိုင်ပါသည်။ အရပ်ထဲတွင် **"မီးယပ်ကျိုး"**သည်ဟုခေါ်ကြသည်။ ထိုမိခင်၏နို့ကို မှီဝဲရသော ကလေးသူငယ်များသည် **"သူငယ်နာ"**ဟု ခေါ်သော ဘီဝမ်းဓာတ်ချို့တဲ့သောရောဂါဖြင့် ကလေးသည် ရုတ်တရက် အမောဖောက်လာပြီး "တအင်အင်" ညည်း၍ ဆေးရုံဆေးခန်းများသို့ ရောက်လာပါသည်။ ထိုကလေးများကို စမ်းသပ်ကြည့်သောအခါ အသည်းကြီးနေပြီး အခြေအနေဆိုးလျှင် မျက်ဖြူလန်သည်အထိ ဖြစ်တတ်ပါသည်။ထိုရောဂါကို အရေးပေါ်အချိန်မီ မကုသနိုင်ပါက အချိန်တိုအတွင်း ကလေးအသက်ဆုံးရှုံးရလေ့ရှိပါသည်။ အာဟာရချို့တဲ့ မှုကြောင့် ဖြစ်ပေါ်လာသော အထက်ပါဆိုးကျိုးများကို ငွေကုန်ကြေးကျ ခံစရာမလိုဘဲ ကာကွယ်တားဆီးနိုင်သည့် နည်းလမ်းမှာ ကိုယ်ဝန်ဆောင် မိခင်များ၊ နို့တိုက်မိခင်များအား အာဟာရအကြောင်း သိကောင်းစရာများကို ပညာပေးခြင်းပင်ဖြစ်ပါသည်။

**– ကိုယ်ဝန်ဆောင်ရသဖြင့် မိခင်သည်အစာရှောင်ရန်မလိုကြောင်း၊**

**– နို့တိုက်ရသဖြင့် မိခင်သည်အစာရှောင်ရန် မလိုကြောင်း၊**

**– သန့်ရှင်းလတ်ဆတ်သော စားစရာများကို မိမိတို့တတ်နိုင်သည့် အတိုင်းအတာတွင်းမှ စုံလင်စွာ ခါတိုင်းကဲ့သို့ စားသုံးသင့်ကြောင်း** သိရှိရန်လိုပါသည်။

ကလေး ခြောက်လပြည့်ပြီးသည့်နောက် ထမင်းနှင့် အခြားအာဟာရပြည့်ဝသော ဖြည့်စွက်စာများကို ကျွေးရင်း မိခင်နို့ကို ကလေးအသက်နှစ်နှစ်ကျော်သည်အထိ တိုက်ကျွေးခြင်းဖြင့် ကြီးထွားနေသော ကလေးအတွက် လိုအပ်သော အာဟာရများကို ဖြည့်တင်းပေးနိုင်မည်ဖြစ်ပါသည်။

ရင်သွေးလေးများသည် မိဘတိုင်းအတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာများ ဖြစ်ကြသကဲ့သို့ အနာဂတ်နိုင်ငံတော်က အားထားရမည့် နိုင်ငံ့သားကောင်းရတနာများလည်း ဖြစ်ကြပါသည်။ ကျန်းမာဝဖြိုး ဉာဏ်ရည်တိုးသော ရင်သွေးလေးများဖြစ်ရန်–

**–မိခင်နို့စနစ်တကျတိုက်ကျွေးခြင်း၊**

**–မိခင်နှင့်ကလေးတို့ကိုအာဟာရပြည့်ဝစွာ စားသုံးစေခြင်း** ဟူသော ရည်မှန်းချက်များကို ပြည့်မီနိုင်ရန်ကျန်းမာရေးဝန်ထမ်းများသာမက မိမိတို့ကိုယ်တိုင် လိုက်နာကျင့်သုံးဆောင်ရွက်သင့်ပါကြောင်း ရေးသားတပ်ပြလိုက်ရပါသည်။ ။

**ယနေ့ကမ္ဘာကြီးတွင် နည်းပညာများ အရှိန်အဟုန်ကြီးမားစွာ တိုးတက် ပြောင်းလဲပြီး တီထွင်မှုများ အံ့မခန်း ဖြစ်ပေါ်တိုးတက် နေစေကာမူ မိခင်နို့ရည်ကို မီအောင် တုနိုင်ခြင်း မရှိသေးပေ။**

# ညောင်လေးပင်မြို့ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ စက်များတပ်ဆင်ချိန်ညှိခြင်း အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက် ပြည်သူများ အရည်အသွေးကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်ရန် ထုတ်လွှင့်

ရန်ကုန် သြဂုတ် ၈

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ အင်ဂျင်နီယာချုပ် ဦးတင်ဝမ်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၁၀နာရီတွင် ညောင်လေးပင်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက တည်ဆောက်လျက်ရှိသော ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ရောက်ရှိ၍ တည်ဆောက်ပြီးစီးသော ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် တာဝါတိုင်နှင့် 10KW လွှင့်အားရှိ ထပ်ဆင့်လွှင့်စက်များ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ်နှင့် အင်ဂျင်နီယာချုပ်တို့က ထပ်ဆင့်လွှင့်စက်တည်ဆောက်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။**

ယင်းနောက် ဝန်ကြီးအား ထပ်ဆင့်လွှင့်စက်ရုံ ဧည့်ခန်းမ၌ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ပဲခူးတိုင်း(အရှေ့ပိုင်း)ရှိ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်းရှိ မြို့နှင့်ကျေးရွာများတွင် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရည်အသွေးကောင်းမွန်စွာ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် ညောင်လေးပင်ထပ်ဆင့်လွှင့်စက်ရုံတည်ဆောက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထပ်ဆင့်လွှင့်စက်ရုံတည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာမှူး ဦးထွန်းငွေက တာဝါတိုင်နှင့် စက်ပစ္စည်းများတပ်ဆင်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ထုတ်လွှင့်ပေးရေး

ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက ညောင်လေးပင်မြို့ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၏ စက်များအချောသတ် တပ်ဆင်ချိန်ညှိခြင်းကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေး၊ စက်စမ်းသပ်ထုတ်လွှင့်ခြင်းကို မကြာမီကာလအတွင်း စတင်ထုတ်လွှင့်နိုင်အောင် အစွမ်းကုန်ဆောင်ရွက်ရေး၊ စက်ပစ္စည်းများ တပ်ဆင်ရာတွင် လေလွှင့်ပျက်စီးဆုံးရှုံးမှုမရှိအောင် ဂရုပြုဆောင်ရွက်ရေး၊ တာဝါတိုင်နှင့် ထပ်ဆင့်လွှင့်စက်ရုံတို့တွင် တပ်ဆင်ထားသော မိုးကြိုးလွှဲစနစ်များ စနစ်တကျမှန်ကန်မှုရှိ၊ မရှိ ကြပ်မတ်စစ်ဆေးရေး၊ စက်ရုံမှထုတ်လွှင့်သော အစီအစဉ်များကို ပြည်သူများက အရည်အသွေးကောင်းမွန်စွာဖြင့် ဖမ်းယူကြည့်ရှုနိုင်အောင် ထုတ်လွှင့်ပေးရေးတို့ကို မှာကြားသည်။

အဆိုပါညောင်လေးပင်မြို့ မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို တည်ဆောက်လိုက်ခြင်းကြောင့် ယခင်က မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို ကြည်လင်ပြတ်သားစွာ ဖမ်းယူရရှိခြင်းမရှိသေးသည့် ညောင်လေးပင်၊ ဒိုက်ဦး၊ ရွှေကျင်၊ ကျောက်ကြီး၊ ကျောက်တံခါးမြို့နယ်များအတွင်းရှိ မြို့၊ကျေးရွာများမှ ပြည်သူများအနေဖြင့် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်အသံကြည်လင်ပြတ်သားစွာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်တော့မည်ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးအား ပဲခူးတိုင်း(အရှေ့ပိုင်း)ရှိ ပဲခူးခရိုင် သနပ်ပင်၊ ဒိုက်ဦး၊ ဝေါ၊ ကဝ၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ရွှေကျင်၊ ကျောက်ကြီးနှင့် ဖြူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင်၊ ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများက လုပ်ငန်းဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြကြသည်။

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

## စေတနာပါပါဆောင်ရွက်

တင်ပြချက်များအပေါ် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရှင်းလင်းမှာကြားရာတွင် ကျေးလက်နေပြည်သူများ အသိဉာဏ်ဗဟုသုတ တိုးပွားစေရန်နှင့် ကျေးလက်နေပြည်သူများ စာအုပ်စာပေကို လက်လှမ်းမီ အလွယ်တကူရရှိစေရန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ကျေးရွာတိုင်း၌ရှိစေရေးအတွက် စီမံဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသနေပြည်သူများအား စည်းရုံး၍ သက်ဆိုင်ရာဒေသခံအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ စာကြည့်တိုက်များကို ထူထောင်ဖွင့်လှစ်ပေးရုံမဟုတ်ဘဲ ရေရှည်တည်တံ့အောင်လည်း စီမံဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ထို့ကြောင့် စာကြည့်တိုက်များတွင် ရန်ပုံငွေလုံလောက်စွာရရှိစေရန် စီမံရမည်များကို မှာကြားထားပြီးဖြစ်ကြောင်း၊ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ရာတွင် သက်ဆိုင်ရာကျေးရွာနေပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ဒေသဆိုင်ရာအာဏာပိုင်များနှင့် အလှူရှင်များ၏ ပါဝင်ပံ့ပိုးဆောင်ရွက်မှု၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီမံဆောင်ရွက်မှုအားသုံးအားဖြင့် ထူထောင်ရမည်ဖြစ်ရာ ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ဝတ္တရားများကို စေတနာပါပါ ဆောင်ရွက်သွားကြရန် မှာကြားသည်။

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ညောင်လေးပင်မြို့ရှိ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် တာဝါတိုင် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ညောင်လေးပင်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံအတွင်းရှိ စက်များ တပ်ဆင်ထားရှိမှုနှင့် စက်ရုံဝန်းကျင်အခြေအနေများကို ဆက်လက်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့သွားရောက်၍ ရုံးအတွင်းရှိ ပညာဘဏ်စာကြည့်တိုက်၌ စာအုပ်စာတမ်းများ ထိန်းသိမ်းထားရှိမှု၊ စာကြည့်တိုက်သို့ လူငယ်လူရွယ်များနှင့် အသိဉာဏ်ဗဟုသုတလိုလားသူများ လာရောက်လေ့လာဖတ်ရှုမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ညောင်လေးပင်မြို့မှ ဒိုက်ဦးမြို့သို့ သွားရောက်၍ ရန်ကုန်-မန္တလေး လမ်းမကြီးပေါ်ရှိ ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးဆောက်လုပ်ရန် လျာထားသော မြေနေရာကိုကြည့်ရှုရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်စိန်က မြေနေရာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## မှာကြား

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒိုက်ဦးမြို့ အမှတ်(၁)ရပ်ကွက် အောင်ချမ်းသာလမ်းပေါ်ရှိ ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ရောက်ရှိပြီး ရုံးအတွင်း၌ ဖွင့်လှစ်ထားသော ပညာဘဏ်စာကြည့်တိုက်သို့ ပြည်သူများလာရောက်ကြည့်ရှုလေ့လာမှု အခြေအနေ၊ စာရင်းဇယားများ ပြုစုထားရှိမှုအခြေအနေ၊ ရုံးအဆောက်အအုံအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို စေတနာထား၍ တာဝန်ကျေပွန်စွာ ဆောင်ရွက်ရေး၊ ပြည်သူများအား စာအုပ်စာပေလေ့လာဖတ်ရှုစေရေးအတွက် စည်းရုံးဆောင်ရွက်ရေးတို့ကို မှာကြားသည်။ ထို့အတူ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ရုံးနှင့် စာကြည့်တိုက်တို့ကို ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရေး၊ ပြည်သူတို့အား စည်းရုံးပညာပေးရေး ဆောင်ရွက်ရာတွင် ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဒိုက်ဦးမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

**ရန်ကုန်မိုး**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၉-၈-၂၀၀၅ (အင်္ဂါနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | တေးဂီတအစီအစဉ် |
| ၇း၁၀ | ဟင်းသီးဟင်းရွက် စိုက်ပျိုးနည်း |
| ၇း၂၅ | တေးဂီတအစီအစဉ် |
| ၇း၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၇း၃၅ | ကြယ်ပွင့်များရဲ့ဒိုင်ယာရီ (ရုပ်/သံဂျာနယ်မှတ်တမ်း တွေ့ဆုံခန်း) |
| ၈း၃၀ | တေးဂီတအစီအစဉ် |
| ၈း၃၅ | အသည်းရောင်အသားဝါ(ဘီ) ရောဂါအကြောင်း သိကောင်းစရာအပိုင်း(၂) |
| ၈း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈း၅၀ | တေးဂီတအစီအစဉ် |
| ၈း၅၅ | သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌဖလား တံခွန်စိုက်အလေးမပြိုင်ပွဲ (အမျိုးသားအလွတ်တန်း) |
| ၉း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၁၅ | မိုးလေဝသခန့်မှန်းချက် |
| ၉း၂၀ | ကျောက်မီးသွေးအကြောင်း သိကောင်းစရာ |
| ၉း၃၀ | တေးဂီတအစီအစဉ် |
| ၉း၃၅ | Sunday Talk |
| ၁၀း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၃၅ | တေးဂီတအစီအစဉ် |
| ၁၀း၄၀ | နိုင်ငံသားကောင်းဟူသည် (ဇာတ်လမ်းတို) |
| ၁၀း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀ | မြန်မာ့သစ်လုပ်ငန်း အမှတ်(၃) ပရိဘောဂစက်ရုံ |
| ၁၁း၀၀ | MRTV-4 အပိတ် Logo၊ |

**အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ (၄)ကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

# ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲ၍ ခေတ်မီဒီမို
# ပစ္စုပ္ပန်တွင် နိုးကြားကြိုးစား စည်းလုံးညီညွတ်မှုအားဖြ

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"လူထုအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိ အဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)



❀ ရှေ့ဖုံးမှ

ထို့နောက် သဘာပတိ မကွေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးမောင်မောင်ဌေးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ နိုင်ငံတော်၏ ပကတိအခြေအနေကို လေ့လာကြည့်လျှင် နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက်(၁၂)ရပ်၊ ပြည်သူ့သဘောထား(၄)ရပ်နှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် အဆင့်ဆင့်အကောင်အထည်ဖော် တည်ဆောက်လျက်ရှိပါကြောင်း၊ ဤသို့ ဆောင်ရွက်နေသည့်အချိန်တွင် ပြည်တွင်းပြည်ပရှိ အချို့သောအဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံအချို့သည် နိုင်ငံတော်နှင့်ပြည်သူများအပေါ် အကျပ်အတည်းမျိုးစုံ ကြုံတွေ့စေရန် အဖျက်လုပ်ရပ်များကို တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်လုပ်ဆောင်နေကြောင်း၊ ယင်းအဖျက်လုပ်ရပ်များသည် ပြည်ထောင်စုပြိုကွဲပြီး အချုပ်အခြာအာဏာ ဆုံးရှုံးရမည့်အခြေအနေကို ဦးတည်နေသည့်အတွက် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအသိဖြင့် စုပေါင်းတိုက်ဖျက်ရန် အချိန်ရောက်ရှိနေပြီဖြစ်ကြောင်း။

မိမိတို့၏ နိုင်ငံတော်သည် လွန်ခဲ့သော ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ့်ထီးကိုယ့်နန်းနှင့် ယဉ်ကျေးမှု သမိုင်းအစဉ်အလာကြီးမားစွာဖြင့် တိုင်းရင်းသားပြည်သူများ အေးအတူပူအမျှ အတူတကွ စုစည်းနေထိုင်လာခဲ့ကြသည့် ပြည်ထောင်စုကြီးတစ်ခုဖြစ်ကြောင်း၊ ဤသို့ နေထိုင်လာခဲ့ကြရာမှ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲကာ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးအင်အားများ ယုတ်လျော့လာခဲ့ရသည့်အချိန်တွင် နယ်ချဲ့ဗြိတိသျှတို့၏ ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခြင်းခံခဲ့ရပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးခဲ့ရကြောင်း၊ ဤသို့ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးခဲ့ရသော်လည်း မိမိတို့ မြန်မာလူမျိုးတို့၏ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး မျိုးချစ်သူရဲကောင်းများသည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးအတွက် ပြည်သူ့စွမ်းအား စည်းလုံးညီညွတ်မှုအင်အားဖြင့် စုပေါင်းဆန့်ကျင် တိုက်ပွဲဝင်ခဲ့ကြသည့်အတွက် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြောင်း။

စွမ်းအားသည် အဓိကကျနေသည်ကို အထင်အရှား တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ လူမှုရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် မိမိတို့ မကွေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးတွင် အသင်းဝင်အင်အား ၂၂၇၂၉၅၇ဦးရှိပြီး လုတန်းစားအလွှာအားဖြင့် စီးပွားရေးလုပ်ကိုင်သူ ၄၂၄၃၃၅ ဦး၊ တောင်သူလယ်သမား ၁၂၆၇၈၈၈ဦး၊ ဝန်ထမ်း ၈၈၅၅၀ နှင့် ကျောင်းသား၊ ကျောင်းသူ ၄၉၂၁၈၄ ဦး ပါဝင်ကြောင်း၊ ဤအင်အားဖြင့် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ကို ပြည်သူများနှင့်အတူ လက်တွဲအကောင်အထည်ဖော်ကြမှာ ဖြစ်ပါကြောင်း။

၂၀၀၅ခုနှစ် ဇွန်လ ၂၆ရက်က စတင်ကျင်းပသည့် စစ်မှုထမ်းဟောင်းညီလာခံနှင့် ဇူလိုင် ၃ ရက်နေ့တွင် ပြည်နယ်နှင့်တိုင်းအသီးသီး၌ ကျင်းပခဲ့သည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများတွင် ဆွေးနွေးတင်ပြချက်များ၊ ထုတ်ပြန်ကြေညာချက်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးက ပေးပို့သည့် သဝဏ်လွှာများတွင် နိုင်ငံအကျိုး ပြည်သူ့အကျိုးကို နှောင့်ယှက်ဖျက်ဆီးရန် ကြံစည်လုပ်ဆောင်နေသည့် ပြည်တွင်းပြည်ပ အဖျက်လုပ်ရပ်များကို ဖော်ထုတ်ရှုတ်ချ ကာကွယ်လိုခြင်းနှင့် ဒို့တာဝန်အရေး(၃)ပါးကို ခံယူ၍ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် နိုင်ငံတော်ကို တည်ဆောက်ကာကွယ်လိုသည့် အချက်များကိုတွေ့ရှိရကြောင်း၊ ဤသည်မှာ ပြည်သူလူထုတစ်ရပ်လုံး၏ ရင်ထဲကအသံနှင့် လိုလားချက်အမှန်ပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် ၎င်းတို့နှင့် လက်တစ်ဆုပ်စာ လူတစ်စုကောင်းစားရေးအတွက် တိုင်းပြည်အဖျက်အမှောင့်လုပ်ရပ်များကို အဆက်မပြတ် လုပ်ဆောင်နေသည့် ပြည်တွင်းပြည်ပမှအဖျက်သမားများကို နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာဖြင့် ကာကွယ်ကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရာတွင် နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်း ကြံစည်လုပ်ဆောင်နေကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်သွားကြရင်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်

မောင်မောင်သည် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များပြုလုပ်ရန် ငွေကြေးထောက်ပံ့ကူညီကြောင်း၊ ဖောက်ခွဲရေးသမားများနှင့် ဖောက်ခွဲရေးပစ္စည်းများ အကြိမ်ကြိမ် စေလွှတ်ပေးပို့ကြောင်း သက်သေအထောက်အထားခိုင်ခိုင်လုံလုံဖြင့် တင်ပြခဲ့သော်လည်း ယင်းအကြမ်းဖက်သမား မောင်မောင်အား ၂၀၀၅ခုနှစ် ILOညီလာခံကို ICFTUကိုယ်စားလှယ်အဖြစ် တက်ရောက်စကားပြောခွင့်ပြုခဲ့ကြောင်း၊ ပြည်ပြေးမောင်မောင်သည် မြန်မာတိုင်းရင်းသားများ၏ ဘာသာရေးယုံကြည်ချက်နှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများအရ မိမိဆန္ဒအလျောက် လိုလိုလားလား ပါဝင်လုပ်အားပေးသည့် အစဉ်အလာကို ထိခိုက်ပျက်ပြားစေရန် အကွက်ထောက် ခလောက်ဆန်ပြုလုပ်ခဲ့ကြောင်း။

ပြည်ပအားကိုး သစ္စာဖောက်ပုဆိန်ရိုးများအပြင် အင်အားကြီးနိုင်ငံအချို့သည် ပြည်ပြေးများ၊ အဆိုးမြင်ဝါဒီများ၏ လုပ်ကြံဖန်တီးထားသည့် သတင်းမှားများအပေါ်အခြေခံပြီး တိုင်းရင်းသားပြည်သူအားလုံး၏ ဘဝရှေ့ရေးကို လျစ်လျူရှုကာ လူတစ်စု၊ လူတစ်ဖွဲ့၊ တစ်ဦးတစ်ယောက်၏ အကျိုးစီးပွားအတွက် ဖိအားပေးပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြောင်း၊ ပြည်ပနိုင်ငံအချို့၏ ဖိအားပေးမှုကြောင့် စက်ရုံအလုပ်ရုံအချို့ ပိတ်လိုက်ရသည့်အတွက် မြန်မာနိုင်ငံတွင် အလုပ်သမားများ သောင်းနှင့်ချီပြီး အလုပ်လက်မဲ့ ဖြစ်ခဲ့ရပါကြောင်း၊ ထို့အပြင် စီးပွားရေးပိတ်ဆို့ဖိအားပေးမှု၊ ပြင်ပအကူအညီများကန့်သတ်ပိတ်ဆို့မှု၊ ငွေကြေးထောက်ပံ့မှုနှင့် နိုင်ငံတကာချေးငွေပိတ်ဆို့မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိတ်ဆို့မှု၊ ကမ္ဘာလှည့်ခရီးသည်နှင့် ဟိုတယ်လုပ်ငန်းများပိတ်ဆို့မှု၊ လူ့အခွင့်အရေးဆိုသည့် စကားလုံးကို လိုတစ်မျိုး မလိုတစ်မျိုး

ချာချာ လေ့လာသုံးသပ်ကြည့်လျှင် တပ်မ…
နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲ…
သည့်အချိန်မှစပြီး ပြည်တွင်းပြည်ပ အဖျ…
ရည်ရွယ်ချက်မျိုးစုံဖြင့် အဖျက်လုပ်ရပ်မ…
ဖြစ်ကြောင်း၊ ဆက်လက်ပြီးလည်း ပြည်သူ…
ထိခိုက်ပျက်စီးအောင် ကြံစည်လုပ်ဆောင်…
များကို မဖြစ်မနေကြိုတင်သတိထား က…

နိုင်ငံတစ်ဝန်း အရပ်ဒေသအသီးသီ…
ခြေကုပ်ယူခိုအောင်းမှုမပြုနိုင်ရေး၊ ချိန်ခါမ…
လုပ်ရပ်များကို ကြိုတင်သတင်းရရှိစေရန်…
အဖျက်သမားရန်ကြောင့် ပေါ်ပေါက်လာ…
ပြည်သူများ ကင်းလွတ်ရေး စသည့်နည်း…
ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြ…
လိုအပ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အ…
တင်ပြသွားသွားသည်။

ထို့နောက် မကွေးတိုင်း အမျိုးသ…
အဖွဲ့ဝင် ဒေါ်ခင်မော်မော်ချစ်က ဆက်…
နိုင်ငံတော်၏ သမိုင်းကြောင်းကို ပြန်လ…
မင်းစောသည် ပထမမြန်မာနိုင်ငံတော်ကြီ…
ဆောက်ခဲ့ကြောင်း၊ ဒုတိယမြန်မာနိုင်ငံတေ…
ရထာနှင့် တတိယမြန်မာနိုင်ငံတော်ကြီးကို…
ဇေယျက ထူထောင်ခဲ့ကြောင်း၊ မျက်မှော…
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး…
ပြည်သားများအားလုံးက စည်းလုံးညီညွတ်…
အထည်ဖော် ထူထောင်လျက်ရှိပါကြောင်…
အားလုံး၏ ပေါင်းစည်းညီညွတ်သ…
တပ်မတော်အစိုးရ၏ နေ့မအားညမနား…
ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးကြ…
အောင်မြင်တိုးတက်မှုများကို ရရှိလာခဲ့…

ပြည်တွင်းပြည်ပ အဖျက်သမားမျ…
အင်အားတောင့်တောင့်တင်းတင်းဖြင့် စ…
အမြင်တူ၊ ရည်ရွယ်ချက်ခံယူချက်တူညီ…
အသင်းအဖွဲ့များဖြစ်ကြသည့် မိမိတို့ အ…
ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်န…

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"နှင့် ပတ်သက်၍ ရန်ကုန်ချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်နိုင်ဝင်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"နှင့်ပတ်သက်၍ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ဝင် ဒေါ်ခင်မော်မော်ချစ် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"အဆိုကို လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် မကွေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဇော်မြင့်ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

"ဒို့တာဝန်အရေး(၃)ပါးကိုခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"နှင့်ပတ်သက်၍ မကွေးမြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ဒေါ်ထားထားဝင်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ယနေ့ နိုင်ငံတော်၏ ဖြတ်သန်းလာခဲ့ရသည့် သမိုင်းစဉ်တစ်လျှောက်လေ့လာကြည့်လျှင် တိုင်းပြည်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စုစည်းညီညွတ်စွာဖြင့် စွမ်းအားရှိရှိ တာဝန်သိသိ နိုင်ငံတော်ကို တည်ဆောက်နိုင်ခဲ့ကြသည့်အခါများတွင် နိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးသာယာစည်ပင်လာခဲ့ရပြီး တိုင်းရင်းသားပြည်သူအများ ညီညွတ်မှု ပြိုကွဲကြရသည့်အခါများတွင်မူ တိုင်းပြည်၏ အချုပ်အခြာအာဏာ ထိပါးခံရပြီး လက်လွတ်ဆုံးရှုံးခဲ့ရသည့် ဖြစ်စဉ်များရှိခဲ့ပါကြောင်း၊ ဤသည်တို့ကိုကြည့်ခြင်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တစ်ခု တည်ဆောက်ရာတွင်အဓိကကျသည့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ တိုင်းချစ်၊ ပြည်ချစ်၊ အမျိုးချစ်သည့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှု ပြည်သူ့

အောင်မြင်ရေးတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဒို့တာဝန်အရေး (၃)ပါးကိုခံယူကာ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်း စသည်ဖြင့်ပြောကြားသည်။

ယင်းနောက် ရန်ကုန်ချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဝင်းနိုင်က **"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"** နှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် အကျင့်စာရိတ္တပျက် တရားခံပြေး ပြည်သစ်ညွှန့်ဝေခေါ် မောင်မောင်ကို ငွေကြေးများထောက်ပံ့ထားပြီး FTUB အဖွဲ့မှ မောင်မောင်၏ မဟုတ်မဟတ်လုပ်ဇာတ်ခင်း တိုင်ကြားချက်ကို ILO က နားဝင်ပြီးနေခဲ့ကြောင်း။

လွှဲမှားစွာအသုံးပြုပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်များ နှောင့်နှေးကြန့်ကြာအောင် ဆောင်ရွက်ခဲ့ကြောင်း။

ဤအချက်များအပြင် အပြည်ပြည်ဆိုင်ရာလွတ်လပ်သော အလုပ်သမားအဖွဲ့ချုပ်က ဦးဆောင်ပြီး မြန်မာနိုင်ငံတွင် အဓမ္မအလုပ်ခိုင်းစေမှု (Forced Labour) များ ရှိနေသည်ဆိုသည့် စွပ်စွဲချက်၊ အင်အားကြီး အနောက်နိုင်ငံတစ်နိုင်ငံက ၎င်းတို့၏ လူကုန်ကူးမှုတားဆီးရေးဥပဒေအရ မြန်မာနိုင်ငံအား Tier 3 အဆင့်တွင် တစ်ဖက်သတ် သတ်မှတ်ချက်၊ ဖိအားအမျိုးမျိုး၊ ပြဿနာအမျိုးမျိုး ဖန်တီးပြီး အနောက်အင်အားကြီးနိုင်ငံများ၏ အလိုကျကန့်ကွက်မှုပြုနေသည့်အချက်များသည် ထင်ရှားသိသာသည့် အဖျက်လုပ်ရပ်များ ဖြစ်ကြောင်း၊ ဤလုပ်ရပ်များသည် နိုင်ငံတော်၏ အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိပါးစေပါကြောင်း၊ ယင်းဖြစ်စဉ်များကို သေသေ

"ပြည်တွင်းပြည်ပ အဖျက်သမား…
စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး…
အနားမှူးအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေး…
အောင်နှင့် တွဲဖက်အခမ်းအနားမှူးအ…
ဒေါ်အိရွှေစင်ထွန်းတို့ ဆောင်ရွက်ကြ…

# ...င်မြဲ၍ ခေတ်မီဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန်အတွက် အတိတ်သမိုင်းကို သင်ခန်းစာယူပြီး ...းညီညွတ်မှုအားဖြင့် ပူးပေါင်းဆောင်ရွက်ကြမှသာ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်မည်



ချာချာ လေ့လာသုံးသပ်ကြည့်လျှင် တပ်မတော်အစိုးရက သမိုင်းပေးတာဝန်အရ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်းရယူ အကောင်အထည်ဖော်ခဲ့သည့်အချိန်မှစပြီး ပြည်တွင်းပြည်ပ အဖျက်သမားများသည် နည်းလမ်းမျိုးစုံ၊ ရည်ရွယ်ချက်မျိုးစုံဖြင့် အဖျက်လုပ်ရပ်များ ဆောင်ရွက်ခဲ့သည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ဆက်လက်ပြီးလည်း ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ပျက်စီးအောင် ကြံစည်လုပ်ဆောင်လာနိုင်သည့်အတွက် ယင်းအန္တရာယ်များကို မဖြစ်မနေကြိုတင်သတိထား ကာကွယ်သွားကြရမှာ ဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်း အရပ်ဒေသအသီးသီးတွင် အဖျက်သမားများ ဝင်ရောက်ခြေကုပ်ယူခိုအောင်းမှုမပြုနိုင်ရေး၊ ချိန်ခါမရွေး ပေါ်ပေါက်လာနိုင်သည့် အဖျက်လုပ်ရပ်များကို ကြိုတင်သတင်းရရှိစေရန် သတိပြု ထောက်လှမ်းကာကွယ်ရေး၊ အဖျက်သမားရန်ကြောင့် ပေါ်ပေါက်လာမည့် ဘေးဒုက္ခအမျိုးမျိုးမှ အပြစ်မဲ့ပြည်သူများ ကင်းလွတ်ရေး စသည့်နည်းလမ်းများ ရှာဖွေဆောင်ရွက်ရေးတို့ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသွားသည်။

ထို့နောက် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ဝင် ဒေါ်ခင်မော်မော်ချစ်က ဆက်လက်ဆွေးနွေးတင်ပြရာတွင် မြန်မာနိုင်ငံတော်၏ သမိုင်းကြောင်းကို ပြန်လည်သုံးသပ်ကြည့်လျှင် အနော်ရထာမင်းစောသည် ပထမမြန်မာနိုင်ငံတော်ကြီးကို ဘုန်းလက်ရုံးအာဏာဖြင့် တည်ဆောက်ခဲ့ကြောင်း၊ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ဘုရင့်နောင်ကျော်ထင်နော်ရထာနှင့် တတိယမြန်မာနိုင်ငံတော်ကြီးကို အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက ထူထောင်ခဲ့ကြောင်း၊ မျက်မှောက်ခေတ် မြန်မာနိုင်ငံတော်ကိုတော့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရနှင့်အတူ ပြည်သူပြည်သားများအားလုံးက စည်းလုံးညီညွတ်သည့်အင်အားဖြင့် ပူးပေါင်းအကောင်အထည်ဖော် ထူထောင်လျက်ရှိပါကြောင်း၊ နိုင်ငံအဝန်း တိုင်းရင်းသားပြည်သူအားလုံး၏ ပေါင်းစည်းညီညွတ်သည့် အင်အားကြောင့်လည်းကောင်း၊ တပ်မတော်အစိုးရ၏ နေ့မအားညမနား ဆောင်ရွက်မှုများကြောင့်လည်းကောင်း ခေတ်မီနိုင်ငံတော် တည်ဆောက်ရေးကြိုးပမ်းမှုများသည် အရှိန်အဟုန်ဖြင့် အောင်မြင်တိုးတက်မှုများကို ရရှိလာခဲ့ကြောင်း။

ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ကာကွယ်ရာတွင် အင်အားတောင့်တောင့်တင်းတင်းဖြင့် စနစ်တကျ ဖွဲ့စည်းထားပြီး အသိတူ၊ အမြင်တူ၊ ရည်ရွယ်ချက်၊ခံယူချက်တူညီကြသည့် အစိုးရမဟုတ်သည့် လူမှုရေးအသင်းအဖွဲ့များဖြစ်ကြသည့် မိမိတို့ အမျိုးသမီးရေးရာအဖွဲ့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊

"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်သဇင်အောင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် အသင်းအလုပ်အမှုဆောင် ဒေါ်အိရွှေစင်ထွန်းတို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့စသည့် အသင်းအဖွဲ့ဝင်များ၏ စုစည်းညီညွတ်သည့်စွမ်းအားများကို ပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးမှုအင်အားဖြင့် ပူးပေါင်းပြီး ကာကွယ်စောင့်ရှောက်ကြရမှာဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အခြေခံအကျဆုံး လိုအပ်ချက်သည် ထာဝရ အစွန့်ရှည်တည်တံ့ခိုင်မြဲရေးဖြစ်ကြောင်း၊ နိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ရေးကို ဟန့်တားနှောင့်ယှက်နေကြသည့် အဖျက်သမားများ ချေမှုန်းရေးကို ဤမြေဤရေတွင် မွေးဖွားပြီး အကျိုးစီးပွားချင်းထပ်လျက် အတူတကွ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားများ၏ စည်းလုံးမှုအင်အားဖြင့် ဟန့်တားကာကွယ်သွားရမှာဖြစ်ကြောင်း၊ ထို့ကြောင့်လည်း ပြည်သူများနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့သည် အခမ်းအနားကြီးများ ကျင်းပပြီး အဖျက်သမားရန် ချေမှုန်းကာကွယ်ရေးကို တညီတညွတ်၊ တသွေးတသံတည်းဖြင့် တောင်းဆိုခဲ့ကြခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ကြားရာတွင် **"အချို့ပြင်ပက မလိုလားအပ်သူတွေနဲ့ ပြည်တွင်းရှိသူတို့ရဲ့ လက်ဝေခံများဟာ နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို ထိပါးခြိမ်းခြောက်မှုတွေ ပြုလုပ်နေကြသလို နိုင်ငံတကာအသိုင်းအဝိုင်းက ဝိုင်းပယ်အောင် မဟုတ်မဟတ်လုပ်ဇာတ်တွေခင်းပြီး အမျိုးမျိုးလုပ်ကြံဖန်တီးနေကြတာကို တွေ့ရမှာဖြစ်တယ်၊ ဒီ့အပြင် ဒီပြည်တွင်းမှာရှိတဲ့ ပြည်ပအစေအပါးနောက်လိုက်တွေကို အမျိုးမျိုး မြှောက်ထိုးပင့်ကော် သွေးထိုးလှုံ့ဆော်ပြီး နိုင်ငံတော်ကြီး မတည်ငြိမ်အောင် အခါအခွင့်သင့်တိုင်း ဘေးတီးနေကြတယ်၊ ဒီလိုဒို့နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်နေတဲ့ ပြည်တွင်းပြည်ပ လုပ်ရပ်ဆိုးများကို လုံခြုံရေးအသိနှင့် တော်လှန်ရေးသတိ အစဉ်ထားရှိပြီးတော့ ကာကွယ်တားဆီးသွားကြရမှာဖြစ်တယ်"**ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၁၉၉၄)တွင် မိန့်ကြားခဲ့ပါကြောင်း။

ဤမိန့်ကြားချက်နှင့်အညီ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ရေး၊ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ရေးနှင့် ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းရေးဆိုသည့် ပြည်သူ့သဘောထား(၄)ရပ်ကို ပြတ်ပြတ်သားသားကိုင်စွဲပြီး–

- **မိမိတို့နိုင်ငံနဲ့လူမျိုးရဲ့ အကျိုးစီးပွားကို ကာကွယ်ကြပါစို့**
- **မိမိတို့ ပြည်ထောင်စုကြီးအစွန့်ရှည်အောင် ကာကွယ်ကြပါစို့**
- **ပြည်တွင်းပြည်ပအဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှု အင်အားဖြင့် ကာကွယ်ကြပါစို့**

ဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

ဆက်လက်၍ မကွေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဇော်မြင့်က ရေနံချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်နိုင်ဝင်းနှင့် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ဝင် ဒေါ်ခင်မော်မော်ချစ်တို့ တင်သွင်းသွားကြသည့် **"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး"**အဆိုကို လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြသည်။

**ဘက်စုံဖွံ့ဖြိုး**

ယင်းနောက် မကွေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ထားထားဝင်းက **"ဒို့တာဝန်အရေးသုံးပါးကိုခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှုများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"**နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ၁၉၈၈ခုနှစ်နောက်ပိုင်း နိုင်ငံ့တာဝန်အရပ်ရပ်ကို လွှဲယူပြီးသည့်နောက် ပြည်သူများ၏ ပြင်းပြသည့်ဆန္ဒမှန်ကို ဖြည့်ဆည်းနိုင်ရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ဖော်ဆောင်သွားမည့် ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဘက်စုံကဏ္ဍစုံ ပြည်နယ်နှင့်တိုင်းအားလုံးတွင် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေသည်ကို အထင်အရှား တွေ့ကြရမှာဖြစ်ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ချမှတ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိသည်သာမက နိုင်ငံတော်၏ ဒေသအားလုံး အကြားအလပ်မရှိ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် မကွေးနှင့်ပခုက္ကူဒေသအပါအဝင် ပြည်နယ်/တိုင်း ဒေသအားလုံးတွင် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ စီးပွားရေးကဏ္ဍနယ်ပယ်တွင် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ၊ အကျိုးရလဒ်ကောင်းများ များစွာ ပေါ်ထွန်းနေပြီဖြစ်သည်ကို အားလုံးသိရှိကြပြီးဖြစ်ကြောင်း။

ယင်းသို့ နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်၍ ရေရှည်တည်တံ့ခိုင်မြဲရန်၊ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နေချိန်တွင် ပြည်ပအားကိုး ပုဆိန်ရိုးများ၊ ပြည်ပက ကိုလိုနီလက်သစ်များသည် မဟုတ်မမှန် လုပ်ကြံသတင်းများ ထုတ်လွှင့်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ လူနေမှုဘဝအဆင့်အတန်း မြင့်မားရေးကို ပျက်စီးဆုံးရှုံးစေရန် မရိုးသားသောအကြံများဖြင့် အဟန့်အတား အပိတ်အဆို့များ ပြုလုပ်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း။

**ဦးထိပ်ပန်ဆင်**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယကကြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နှစ်(၆၀)ပြည့် တပ်မတော်နေ့တွင် **"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေး(၃)ပါးကို နိုင်ငံတော်ရဲ့ မူဝါဒအဖြစ် ချမှတ်ပြီး အမြဲတမ်း ဦးထိပ်ပန်ဆင်လျက်ရှိတယ်။ နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက် (၄)ရပ်၊ လူမှုရေးဦးတည်ချက်(၄)ရပ် စတဲ့ ဦးတည်ချက်(၁၂)ရပ်ကို လမ်းညွှန်အဖြစ် ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးဆိုတဲ့ ရည်မှန်းချက်ပန်းတိုင်ကို ဆက်လက်ချီတက်ခဲ့တယ်"**ဟု မိန့်ကြားခဲ့ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲ၍ ခေတ်မီ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန်အတွက် အတိတ်သမိုင်းကို

**"ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး" လူထုအစည်းအဝေးတွင် သဘာပတိ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမောင်မောင်ရွှေ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

သင်ခန်းစာယူပြီး ပစ္စုပ္ပန်တွင် နီးကြားကြိုးစား စည်းလုံးညီညွတ်မှုအားဖြင့် ပူးပေါင်းဆောင်ရွက်ကြမှသာ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်ကို သွေဖည်ပြီး အဖျက်အမှောင့် ပြုလုပ်လာသူ ဟူသမျှကို သတိတရား လက်ကိုင်ထားကာ ကာကွယ်တိုက်ဖျက်ရင်း နိုင်ငံတော်၏ အမျိုးသားရေး မူဝါဒဖြစ်သည့် ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးနှင့်အတူ အမျိုးသားရေး အခြေခံရည်မှန်းချက်ချင်းတူညီကြသည့် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**

**ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တစ်ခု တည်ဆောက်ရာတွင် အဓိကကျသည့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ တိုင်းချစ်၊ ပြည်ချစ်၊ အမျိုးချစ်သည့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်နှင့်စည်းလုံးညီညွတ်မှု ပြည်သူ့စွမ်းအားသည် အဓိကကျနေ။**

# ကျွန်နိုင်ငံဖြစ်စေရန် ကြိုးပမ်းသူများကို ပြည်သူ့သဘောထား(၄)ရပ် လက်ကိုင်ထားတားဆီး

## ကြွေးကြော်

**“ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး” လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။** (သတင်းစဉ်)

❒ စာမျက်နှာ ၉ မှ

အသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့တို့အပါအဝင် တိုင်းရင်းသားလူမျိုးအားလုံး ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါစို့ဟု အလေးအနက်တင်ပြ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းစသည်ဖြင့် ဆွေးနွေးတင်ပြသွားသည်။

### အငြိမ်းချမ်းဆုံးလမ်း

ထို့နောက် မကွေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ညိုဝင်းမြင့်(အငြိမ်းစား)က ဆက်လက်ဆွေးနွေးတင်ပြရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီဖြစ်ထွန်းရေးကိုရှေးရှုပြီး အမျိုးသားညီလာခံကြီးကို ၁၉၉၂ခုနှစ်ကတည်းက ညှိနှိုင်းပြင်ဆင်မှုများပြုခဲ့ပါကြောင်း၊ ၁၉၉၃ မှ ၁၉၉၆ခုနှစ်အထိ အမျိုးသားညီလာခံကြီးကို စနစ်တကျ ကျင်းပခဲ့ရာတွင် အတော်အတန် ခရီးပေါက်ခဲ့ပြီးဖြစ်ကြောင်း၊ သို့သော် အမျိုးသားညီလာခံကြီးကို ပျက်စီးရာပျက်စီးကြောင်း ကြံစည်ပြီး နိုင်ငံရေးပါတီတစ်ခုမှ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံဆိုသည့် ဒီမိုကရေစီ ဖြစ်ပေါ်ရေးလမ်းကြောင်းကို သွေဖည်ကျော်ခိုင်းသွားခဲ့ကြကြောင်း၊ ယနေ့တိုင်းပြည်၏ တာဝန်အရပ်ရပ်ကို တာဝန်ယူထားသည့် နိုင်ငံတော်အစိုးရသည် အသွင်သဏ္ဌာန်အားဖြင့် တပ်မတော်အစိုးရဖြစ်သော်လည်း အနှစ်သာရအားဖြင့် တိုင်းပြည်ကို စနစ်ဟောင်းတစ်ခုမှ စနစ်သစ်တစ်ခုသို့ ညင်သာသိမ်မွေ့စွာ တည်ဆဲဥပဒေစည်းကမ်းများနှင့်အညီ အသွင်ကူးပြောင်းပေးလျက်ရှိသည့် အစိုးရဖြစ်ပါကြောင်း၊ နိုင်ငံတော် တည်ဆောက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် မူဝါဒ

**“ဒို့တာဝန်အရေး(၃)ပါးကိုခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး”နှင့် ပတ်သက်၍ မကွေးတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး ညိုဝင်းမြင့်(အငြိမ်းစား) ဆွေးနွေးတင်ပြစဉ်။** (သတင်းစဉ်)

လမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့် လုပ်ငန်းစဉ်အဖြစ် ၁၉၉၆ ခုနှစ်ကစပြီး ယာယီဆိုင်းငံ့ထားခဲ့သော အမျိုးသား ညီလာခံကြီးကိုလည်း အောင်မြင်စွာ ပြန်လည်ကျင်းပနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် တစ်မျိုးသားလုံးအတွက် အမျိုးသားသင့်မြတ်စည်းလုံးရေးနှင့် ဒီမိုကရေစီလမ်းစဉ်အတွက် သိမ်မွေ့ညင်သာမှုရှိသည့် အငြိမ်းချမ်းဆုံးလမ်းပင်ဖြစ်ကြောင်း။

### အခြေခံဥပဒေရေးဆွဲနိုင်ရေး

နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂိုလ်တစ်ဦး၊ ပါတီတစ်ခုချင်းအရေးထက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီးအမျိုးသားညီလာခံကြီးကို ကျင်းပဆောင်ရွက်ခဲ့ရာ ယခုအခါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အခန်းခေါင်းစဉ်များတွင် ဖွဲ့စည်းမှုအပိုင်း၊ အာဏာခွဲဝေမှုအပိုင်းများခွဲခြားပြီး အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်လျက်ရှိရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများနှင့် အာဏာခွဲဝေမှုအပိုင်းတွင်ပါရှိသည့် ဥပဒေပြုရေးနှင့် စပ်လျဉ်းသည့် အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီး အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန်အတွက်လည်း ညီလာခံကိုယ်စားလှယ်များ၏ အကြံပြုချက်များကို တင်ပြပြီးဖြစ်၍ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်တော့မည်ဖြစ်ပါကြောင်း၊ အနာဂတ်နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံအဖြစ် ပုံဖော်နိုင်ရန် ကျင့်သုံးရမည့် အခြေခံဥပဒေတစ်ရပ် ရေးဆွဲနိုင်ရေးအတွက် လိုအပ်သည့် အခြေခံမူများကို ဤညီလာခံကြီးတွင် နိုင်ငံရေးအင်အားစုများ စုံညီစွာဖြင့် ဆွေးနွေးအဖြေရှာ ချမှတ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အမျိုးသားညီလာခံသည် အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးတွင် အခြေခံသကဲ့သို့ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ဖြစ်ပေါ်လာရေးသို့လည်း ရှေးရှုသည်သာမက နိုင်ငံတော်က ချမှတ်ထားသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးအတွက်လည်း များစွာအရေးပါလှပါကြောင်း။

ထို့အပြင် ပြည်တွင်းအဖျက်အမှောင့်၊ မြေပေါ်မြေအောက် အဖျက်လုပ်ငန်း၊ ပြည်ပမှ အနောက်အုပ်စုနိုင်ငံကြီးအချို့နှင့် ပူးပေါင်းပြီး သြဇာခံကျွန်နိုင်ငံဖြစ်စေရန် ကြိုးပမ်းအားထုတ်နေသူများကို ပြည်သူ့သဘောထား(၄)ရပ် လက်ကိုင်ထား၍ တားဆီးကာကွယ်ကြရမည် ဖြစ်ကြောင်း၊ ဤသို့ ကြိုးပမ်းဆောင်ရွက်ကြရာတွင် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်သည် အရင်းခံကျလျက်ရှိကြောင်း။

ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဟူသည် အုပ်ချုပ်မှုအလံတော် တစ်ခုတည်းအောက်ရှိ နိုင်ငံတော်၏ မည်သည့်အစိတ်အပိုင်း၊ မည်သည့်ဒေသကိုမဆို နေထိုင်ကြသော ပြည်သူအားလုံး၏ တလုံးတစည်း၊ တညီတညွတ်တည်းသော စိတ်ဓာတ်ဖြစ်ကြောင်း၊ အမိမြေ၊ အမိနိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်း ချစ်ခင်ခြင်း၊ မြတ်နိုးခြင်း၊ တန်ဖိုးထားခြင်း၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုခြင်း၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုခြင်းဟူသော အမျိုးစောင့် ဝံသာနုရက္ခိတ တရားပေါ်တွင် မူတည် တည်ဆောက်ထားသော စိတ်ဓာတ်ဖြစ်ပါကြောင်း။

### မျိုးချစ်အင်အားစုကြီးလို

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးအသင်းနာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)တွင် **“နိုင်ငံတော်ကိုအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်အဖြစ်တည်ဆောက်ရာမှာ အမျိုးသားရေး မူဝါဒဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝတဲ့ မျိုးချစ်အင်အားစုကြီး လိုတယ်”**ဟု မိန့်ကြားခဲ့ပါကြောင်း။

**“ဒို့တာဝန်အရေး(၃)ပါးကိုခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး”အဆိုကို လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် စလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်တင်မေထွန်း ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွင်းရှိ တိုင်းရင်းသားပြည်သူများကလည်း နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့် ဦးဆောင်မှုအောက်တွင် စည်းလုံးညီညွတ်စွာ ပူးပေါင်းရရှိဖြစ်ထွန်းနေပြီဖြစ်သည့် ငြိမ်းချမ်းသာယာမှု၊ စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစား နားလည်မှု၊ အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုအခြေခံကောင်းများ ဆက်လက်ဖြစ်ထွန်းရန်၊ နိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်နေစေရန် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ်ဖြင့် အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တင်ပြလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွား၊နိုင်ငံတော်၏ အကျိုးစီးပွား ထိခိုက်ပျက်ပြားစေရန် ကြံစည်လုပ်ဆောင်မှုဟူသမျှကို တိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအားလုံး စုစည်းညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ ရှင်သန်နိုးကြားသည့် မျိုးချစ်စိတ်ဓာတ်များဖြင့် အင်တိုက်အားတိုက်၊ စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် တွန်းလှန်ကာကွယ်သွားကြပါစို့ဟု လေးလေးနက်နက် တိုက်တွန်းတင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်း စသည်ဖြင့်ဆွေးနွေးတင်ပြသွားသည်။

### ထောက်ခံဆွေးနွေး

ဆက်လက်၍ စလင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်တင်မေထွန်းက မကွေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်ထားထားဝင်းနှင့် မကွေးတိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ညိုဝင်းမြင့်(အငြိမ်းစား) တို့တင်သွင်းသွားကြသည့် **“ဒို့တာဝန်အရေးသုံးပါးကိုခံယူပြီး နိုင်ငံတော် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး”**အဆိုကို လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် ထောက်ခံဆွေးနွေးတင်ပြသည်။

### အတည်ပြုကြောင်းကြေညာ

ယင်းနောက်သဘာပတိက **“ပြည်တွင်းပြည်ပအဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေး”**အဆိုနှင့် **“ဒို့တာဝန်အရေး(၃)ပါးကို ခံယူပြီး နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးတွင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး”** အဆိုနှစ်ရပ်အား လူထုအစည်းအဝေးက အတည်ပြုပေးနိုင်ရန် အစည်းအဝေး တက်ရောက်လာကြသူများ၏ သဘောထားရယူပြီး အဆိုနှစ်ရပ်အား အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် လူထုအစည်းအဝေးကို ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်၍ နံနက် ၁၀နာရီ ၅မိနစ်တွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## ● ရန်ကုန်တိုင်းမှ

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းအတွင်းရှိ လယ်သမားကြီးများ၊ ပြိုင်ပွဲဝင် မြို့နယ်များမှ လယ်ယာလုပ်သားများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများ တစ်ခဲနက် တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းအနေဖြင့် မိုးရာသီ ထွန်ယက်စိုက်ပျိုးရေးကို အရှိန်အဟုန်မြင့် ကြိုတင်တွန်းအားပေး ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့တွင် ရေတော်မိုးတော် မိုးစပါးကို တိုင်းလုံးကျွတ် ကွင်းပိတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းအတွင်း မိုးစပါးစုစုပေါင်း ဧက ၁၂သိန်း စိုက်ပျိုးရန် လျာထားသတ်မှတ်ခဲ့ရာ ယနေ့အထိ ၁၁၄၃၃၅၄ ဧက စိုက်ပျိုးပြီးဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၉၅ ဒသမ ၂၈ရာခိုင်နှုန်း စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ ရေတော်မိုးတော် မိုးစပါးကို ၈၇၇၁၁၅ဧက စိုက်ပျိုးရန် လျာထားသတ်မှတ်ခဲ့ရာ ၈၇၇၅၉၈ဧက ရာခိုင်နှုန်းအားဖြင့် ၁၀၀ ဒသမ ၀၆ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်း။

### အမျိုးသားရေးတာဝန်

လယ်ယာကဏ္ဍတွင်လည်း စပါးသီးနှံသည် စိုက်ဧကအများဆုံးနှင့် ထုတ်လုပ်မှုတန်ဖိုး အများဆုံးဖြစ်သည့်အပြင် နိုင်ငံတော်၏ အဓိက ရိက္ခာသီးနှံလည်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုးပွားလာမည့် နိုင်ငံ့လူဦးရေအတွက် ရိက္ခာဖူလုံစေရန် **"စပါးပိုလျှံရမည်"**၊ **"စပါးပိုလျှံအောင် စိုက်ပျိုးထုတ်လုပ်ရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်"** ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

သီးနှံအထွက်တိုးရေးစိုက်ပျိုးရာတွင် နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရန်ကုန်တိုင်းသည် ရန်ကုန်မြို့တော်တည်ရှိသည့် တိုင်းဖြစ်သော်လည်း စိုက်ပျိုးရေးအခြေခံ ကျေးလက်ဒေသများ ဝန်းရံတည်ရှိသည့် တိုင်းဒေသကြီးဖြစ်ကြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသဖြစ်၍ စိုက်ပျိုးရေးအခြေခံကောင်းများ ရှိသော်ငြားလည်း ယခင်ကာလများက စိုက်ပျိုးရေ မလုံလောက်ခြင်းကြောင့် စိုက်ပျိုးစွမ်းအား အပြည့်အဝမရရှိခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ရန်ကုန်မြို့တော်ပတ်ဝန်းကျင် မိုင် ၃၀ ပတ်လည်အတွင်း စပါးနှင့် အခြားသီးနှံများ ကြားကွက်လပ်မရှိ စိုက်ပျိုးရေးနှင့် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း **"စိုက်ပျိုးရေ ရရှိရေး"** သည် အဓိကလိုအပ်ချက်ဖြစ်သည့်အတွက် နိုင်ငံတော်က ငမိုးရိပ်၊ တဘူးလှ၊ ကလီထော်၊ လဂွန်းပြင် စသည့် ရေလှောင်တမံ ၁၅ခု၊ ရွှေလှေ၊ ခရမ်းချောင်း၊ ကွမ်းခြံကုန်း၊ ငမိုးရိပ် စသည့် ရေထိန်းတံခါးများ အသစ်တည်ဆောက်ဖြည့်ဆည်းခြင်းနှင့် ရှိပြီးဖြစ်သည့် ရေသွယ်/ရေနုတ်မြောင်းများ၊ ရေတံခါးဟောင်းများ ပြုပြင်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း စီမံကိန်းများပါ တည်ဆောက်ပေးခဲ့သည့်အတွက် ရန်ကုန်တိုင်းအတွင်းတွင် စိုက်ပျိုးစွမ်းအား မြင့်မားလာခဲ့ပြီး သီးထပ်စိုက်ပျိုးနိုင်သည့်ဧကများ ယခင်ကထက် နှစ်ဆ မြင့်တက်စိုက်ပျိုးနိုင်ခဲ့ကြောင်း။

စပါးနှင့်အခြားသီးနှံများ ရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် တောင်သူလယ်သမားကြီးများအနေဖြင့် ထွန်ယက်စိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အမြန်ဆုံး ကူးပြောင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းကိုလည်း ပြောကြားလိုကြောင်း။

### အင်အားတစ်ရပ်

ထို့ကြောင့် လယ်ယာလုပ်သားများ၏လက်သည် စပါးသီးနှံအထွက်တိုးရန်အတွက် နိုင်ငံတော်က ဂုဏ်ယူအားထားရမည့် အင်အားတစ်ရပ်ဖြစ်ကြောင်း၊ လယ်ယာလုပ်သားများ စိုက်ပျိုးနေခြင်းသည် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်နေခြင်းဖြစ်၍ အမျိုးချစ်စိတ်နှင့် အမျိုးသားရေးတာဝန်တစ်ရပ်ကို ဖော်ဆောင်နေခြင်းဖြစ်သည်ဟု ခံယူသွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသွားသည်။

**၂၀၀၄–၂၀၀၅ခုနှစ် လယ်ယာကဏ္ဍထုတ်လုပ်မှု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း ရန်ကုန်တိုင်း ၂၀၀၄–၂၀၀၅ခုနှစ် အမျိုးသား အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး လယ်ယာကဏ္ဍအများဆုံး ထုတ်လုပ်မှုကြိုးပမ်းစွမ်းဆောင်မှု ခရိုင်ထူးချွန်ဆုရရှိသည့် ရန်ကုန်တောင်ပိုင်းခရိုင်ကို ဆုချီးမြှင့်စဉ်။** (ရန်ကုန်တိုင်း)

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ၂၀၀၅–၂၀၀၆ခုနှစ် ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲ အစီရင်ခံစာများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက အသီးသီးအပ်နှံကြသည်။

ဆက်လက်၍ တိုင်းအဆင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲ ကျင်းပရေးကော်မတီ ဒိုင်ချုပ် ရန်ကုန်တိုင်း ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးကြင်ထွန်းက ပြိုင်ပွဲအမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းတင်ပြသည်။

### ကြည့်ရှုအားပေး

ထို့နောက် ပြိုင်ပွဲဝင် လယ်ယာလုပ်သားများက ပြိုင်ပွဲကျင်းပမည့် သတ်မှတ်နေရာများ၌ နေရာယူကြပြီး တိုင်းအဆင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲကို စတင်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် အဖွဲ့ဝင်များသည် စပါးစိုက်ခင်းများအတွင်း တီလားပီးယားငါးမျိုးနှင့် ငါးခုံးမကြီးငါးမျိုး အကောင်ရေ ၂၃၀၀၀ ကို စိုက်ထည့်ပေးကြသည်။ ရန်ကုန်တိုင်းအနေဖြင့် ဩဂုတ်လကုန်ပိုင်းတွင် စပါးစိုက်ခင်းများအတွင်း နောက်ထပ်ငါးအကောင်ရေ ၁၀သိန်း ထပ်မံစိုက်ထည့်မည်ဖြစ်ကြောင်း သိရှိရသည်။

### ကြည့်ရှု

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း ၂၀၀၅–၂၀၀၆ခုနှစ် ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲနှင့် စပါးပန်းတိုင် အထွက်နှုန်းထွက်ရှိရေး နည်းပညာ လက်တွေ့ပြသပွဲ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသော ဝန်ကြီးဌာနပြခန်းများ၊ ကုမ္ပဏီအဖွဲ့အစည်းများ၏ပြခန်းများနှင့် အရောင်းဆိုင်များ၊ လယ်ယာသုံး စက်ကိရိယာအရောင်းပြခန်းများကို လိုက်လံကြည့်ရှုကြသည်။

ထို့နောက် ၂၀၀၄–၂၀၀၅ခုနှစ် လယ်ယာကဏ္ဍထုတ်လုပ်မှု ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဗဟိုမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ၂၀၀၄–၂၀၀၅ခုနှစ် လယ်ယာကဏ္ဍ ဘက်စုံစိုက်ပျိုးထုတ်လုပ်မှု မြို့နယ်ထူးချွန်ဆုရရှိသည့် တိုက်ကြီးမြို့နယ်နှင့် ၂၀၀၄–၂၀၀၅ခုနှစ် အမျိုးသား အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး စုစုပေါင်း အများဆုံး ကြိုးပမ်းစွမ်းဆောင်မှု ခရိုင်ထူးချွန်ဆုရရှိသည့် ရန်ကုန်အနောက်ပိုင်းခရိုင်တို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရန်ကုန်တိုင်း ၂၀၀၄–၂၀၀၅ခုနှစ် အမျိုးသား အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး လယ်ယာကဏ္ဍအများဆုံး ထုတ်လုပ်မှုကြိုးပမ်းစွမ်းဆောင်မှု ခရိုင်ထူးချွန်ဆုရရှိသည့် ရန်ကုန်တောင်ပိုင်းခရိုင်နှင့် ၂၀၀၄–၂၀၀၅ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ပဲမျိုးစုံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု မြို့နယ်ထူးချွန်ဆုရရှိသော သုံးခွမြို့နယ်တို့အား ဆုများချီးမြှင့်သည်။

### ဆုချီးမြှင့်

ထို့နောက် ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က ၂၀၀၄–၂၀၀၅ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ မိုးစပါးသီးနှံ နိုင်ငံတော်အဆင့် ထူးချွန်လယ်သမားဆုရရှိခဲ့သော တိုက်ကြီးမြို့နယ် ရင်းတိုက်ကွင်းကျေးရွာမှ ဦးမြသောင်းအားလည်းကောင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက နေကြာသီးနှံ နိုင်ငံတော်အဆင့် ထူးချွန်လယ်သမားဆု ရရှိခဲ့သော ကျောက်တန်းမြို့နယ် တံတားကျေးရွာမှ ဦးခင်မောင်အားလည်းကောင်း ဆုများချီးမြှင့်ကြပြီး ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများက လယ်ယာကဏ္ဍထုတ်လုပ်မှု ထူးချွန်ဆုရရှိကြသူများအား ဆုများ ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းအဆင့် စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိသော လှည်းကူးမြို့နယ်၊ ဒုတိယဆုရရှိသော ကွမ်းခြံကုန်းမြို့နယ်၊ တတိယဆုရရှိသော တွံတေးမြို့နယ်၊ နှစ်သိမ့်ဆုရရှိသော ကျောက်တန်းမြို့နယ်တို့အား တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က ဆုများကို ချီးမြှင့်ကြသည်။

ထို့နောက် အခမ်းအနားအောင်မြင်ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးခဲ့ကြသူများအား တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်များကို ချီးမြှင့်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**နိုင်ငံတော်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ အပ်နှင်းပွဲ အခမ်းအနားကို ဩဂုတ် ၅ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်း ပညာရေး ကောလိပ်ခန်းမ ဆောင်၌ ကျင်းပရာ ရန်ကုန် အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က လူမှုထူးချွန်(ပထမဆင့်)ရ ဦးခင်မောင်လွင်အား ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်အပ်နှင်းစဉ်။**

(ခရိုင်ပြန်/ဆက်)

## ✳ မြစ်သုံးသွယ်မှ

ရွှေကျင်မြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် ၇၂၀ စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း စိုးရိမ်ရေမှတ် ၇၀၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်ကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။ (သတင်းစဉ်)

**ဂျပန်နိုင်ငံ အိုဆာကာ (ခ)ကမ်ဆိုင်းတွင် လက်ရည်စမ်းပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ ဦးသိန်းဝင်း ခေါင်းဆောင်သည့် မြန်မာဘော်လီဘောအသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တွေ့ရစဉ်။**

(မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်)

## မြန်မာဘော်လီဘောအသင်း ဂျပန်ထွက်ခွာ အရှေ့တောင်အာရှအကြို လက်ရည်စမ်းမည်

**ရန်ကုန် ဩဂုတ် ၈**

ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ဩဂုတ် ၉ ရက်မှ ၁၆ ရက်အထိ ကျင်းပမည့် ဂျပန်တက္ကသိုလ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် အသင်းများနှင့် လက်ရည်စမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းခေါင်းဆောင်သည့် မြန်မာအမျိုးသား ဘော်လီဘောအသင်းသည် ဩဂုတ် ၆ရက် ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားသည်။

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း (မန်နေဂျာ အေးရှားဝေါလ်ကုမ္ပဏီ)က ဆောင်ရွက်ပြီး နည်းပြအဖြစ် ဦးညီညီလွင်(လဝက)၊ လေ့ကျင့်ရေးမှူးအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုအရာခံဗိုလ်ရဲမြင့်တို့ ပါဝင်ကြသည်။

အားကစားသမားများမှာ ရန်ကုန်မြို့တော်စည်ပင်မှ ရဲမင်းအောင် (အသင်းခေါင်းဆောင်)နှင့် စောဟိန်းသူ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ကျော်ရွှေ၊ နေလင်းထွန်းနှင့် ကျော်စွာဝင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ စံရွှေမောင်၊ ပြည့်ဖြိုးလှိုင်၊ စိုင်းညီလေးနှင့် ချမ်းငြိမ်းသူတို့ လိုက်ပါသွားကြသည်။

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်သည် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်မှုရရှိရန် ရည်ရွယ်၍ ယခုကဲ့သို့ စေလွှတ်ခြင်းဖြစ်သည်။ မြန်မာအမျိုးသား ဘော်လီဘောအသင်းသည် လက်ရည်စမ်းပြိုင်ပွဲများ ကစားပြီး ဩဂုတ် ၂၄ ရက်တွင် ပြန်လည်ရောက်ရှိမည် ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

## ဗုဒ္ဓပူဇနီယပွဲအတွက် အလှူငွေပေးအပ်

**ရန်ကုန် ဩဂုတ် ၈**

ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ် သမိုင်းဝင်ရှေးဟောင်း စိန္တာမုနိစေတီကြီးစေတီတော် ပထမအကြိမ် ဗုဒ္ဓပူဇနီယပွဲကို စက်တင်ဘာ ၁၀ရက် နံနက်၌ ကျင်းပမည်ဖြစ်ပြီး ဝါဆိုသံဃာအပါး ၂၇၀ အား ဆွမ်းလောင်းလှူနိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၇ရက် မွန်းလွဲ ၁နာရီက ဆီမီး ၉၉၀၀ အဖွဲ့ရုံး အင်းစိန်၌ ကျင်းပရာ အင်းစိန်အထက(၂)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေသန်းကို အမှူးထားပြီး ဆရာ ဦးလှသိန်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများက အလှူငွေကျပ် ၁၅၃၀၀၀၊ အစ်မကြီး ဒေါ်ညို၊ ဒေါ်မြမြဝင်းတို့ကို အမှူးထားပြီး အင်းစိန်ဈေးကြီးရှေ့မှ ဦးအောင်ဝင်း–ဒေါ်ခင်ပြုံးဝင်း မိသားစု (ကုန်စုံဆိုင်)က ငွေကျပ် ၁၁၇၀၀၀၊ ဗိုလ်တထောင်မြို့နယ် (၄၈)လမ်းနေ ဦးစိုင်းဘုန်းထူး–ဒေါ်ဖြူဖြူညွှန့် (စိုင်းဘုန်းထူး ဗီဒီယို–ဓာတ်ပုံ) မိသားစုက ကျပ် ၁၁၇၀၀၀၊ အင်းစိန်မြို့သစ် (က–၅)လမ်းနေ ဒေါ်ခင်စန်းရှိန်နှင့် သားများက ငွေကျပ် ၅၄၀၀၀ ပေးအပ်လှူဒါန်းကြရာ ဆီမီး ၉၉၀၀ အဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များက လက်ခံရယူကြသည်။ (၆၁)

❀ **ကာကွယ်ရေးမှ**

ကွန်ကရစ်အခင်းများဖြင့် ပြုပြင်မွမ်းမံဆောင်ရွက်လျက် ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် နံနက် ၁၀ နာရီတွင် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ နိုင်ငံတော်၏ တည်ဆောက်ရေး လုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်ရေး၊ သက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ပြောကြားပြီး အရာရှိစစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဒိုက်ဦးမြို့နယ် ပျဉ်ပုံရွာသစ်အနီးရှိ ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီလီမိတက် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး တိုးချဲ့ဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလီမိတက်က တာဝန်ယူ ဆောင်ရွက်နေသည့် ပဲခူး-ညောင်လေးပင် လမ်းအပိုင်းသည် မိုင်တိုင် (၅၀/၀) မှ (၉၈/၀) အထိ ၄၈ မိုင်ရှိသည်။ လမ်းထပ်ပိုးလွှာတင်ခြင်း၊ လမ်းမြေမျက်နှာပြင်ညှိခြင်း၊ လမ်း အကျယ် ၂၅ ပေနှင့် လမ်းပခုံး အကျယ် တစ်ဖက် နှစ်ပေစီ ရရှိရန် လမ်းပခုံးများ တိုးချဲ့ခြင်းလုပ်ငန်းများ လုံးဝပြီးစီးနေပြီဖြစ်ပြီး လမ်းထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အင်းတကော်-ထုံးကြီး ကားလမ်းအတိုင်းမော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ပဲခူးမြစ်အနီးရှိ ပဲခူးမြစ်ကူးတံတား(ကဝ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌လက်ထောက်အင်ဂျင်နီယာဦးဝင်းမင်းထွဋ်ကလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းအင်ဂျင်နီယာမှူးကြီးဦးတင်ထွဋ်နှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ယခုပွင့်လင်းရာသီအတွင်း စံချိန်စံညွှန်းမီ ပြီးစီးရေး၊ ပစ္စည်းအလေအလွင့်နည်းပါးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပဲခူးမြစ်ကူးတံတား(ကဝ) စီမံကိန်းသည် ပဲခူးမြစ်(အရှေ့ခြမ်း)ရှိ ကဝမြို့နယ်နှင့်ပဲခူးမြစ် (အနောက်ခြမ်း) ရှိ ထုံးကြီးကျေးရွာတို့ကို ဆက်သွယ်ဆောက်လုပ်လျက်ရှိသည့် စီမံကိန်းဖြစ်သည်။

အောက်ခံသံကူကွန်ကရစ်ဘိုးပိုင်နှင့် အပေါ်ထည်မှာ ဘေလီတံတားအမျိုးအစား အရှည်ပေ ၅၆၀၊ အကျယ် ၁၃ ပေနှင့် ခံနိုင်ဝန်တန် ၂၀ ရှိ တံတားဖြစ်ပြီး ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၂၀ ရာခိုင်နှုန်း ပြီးစီးလျက်ရှိကြောင်းနှင့် ယခုလာမည့် ပွင့်လင်းရာသီအမီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)



# အရည်အသွေးပြည့်ဝသော အသင်းသား၊ အသင်းသူများဖြစ်ရန် လေ့ကျင့်ပျိုးထောင် ပြည်ပသြဇာခံ အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ကာကွယ်တားဆီး

ရန်ကုန် သြဂုတ် ၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦး၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များလိုက်ပါလျက် သြဂုတ် ၆ ရက် ညနေ ၃ နာရီခွဲတွင် မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်မြွားကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။**

ရှေးဦးစွာ ကျေးရွာစည်းရုံးရေးမှူး ဦးသန်းထွန်းက ကျေးရွာ ပြည်သူများကိုယ်စား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ ၁၅၀၀ကို ဗဟို အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းထံ ပေးအပ်သည်။

**ကာကွယ်တားဆီး**

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက အသင်းကြီး၏ မွန်မြတ်သန့်စင်သော ရည်ရွယ်ချက်များနှင့် ပြည်သူ့အကျိုးဆောင်ရွက်မှုအခြေအနေများကို ပြောကြားပြီး အသင်းသား၊ အသင်းသူများအနေဖြင့် ခံယူချက် ယုံကြည်ချက်မှန်ကန်ရေး၊ ပြည်တွင်း ပြည်ပ အခြေအနေများကို နေ့စဉ်လေ့လာ၍ ပြည်ပ သြဇာခံ အဖျက်သမားများ၏ အဖျက်လုပ်ရပ်များကို ပြည်သူများနှင့်အတူ ကာကွယ်တားဆီးသွားရေးစသည်ဖြင့်အသေးစိတ်ဆွေးနွေးမှာကြားသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ညနေ ၄ နာရီခွဲတွင် ငါ့နန်းကျေးရွာရှိ မြန်မာ့စားသောက်ကုန် လုပ်ငန်း ဆေးပေါင်းစက်ရုံ၏ ပိုက်လိုင်းတစ်လျှောက် အပူရှိန် ရယူ၍ ဆေးပေါင်းခြင်းလုပ်ငန်း၊ ဆေးပေါင်းရုံ ၁၈ လုံး၏ အခြေအနေများ၊ ဆေးပေါင်းပြီး အဆင့်မခွဲခြားရသေးသော ဆေးရွက်ကြီးများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

**လက်ခံ**

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည်ညနေပိုင်းတွင်ဖက်ပင်အိုင်ကျေးရွာ ယာယီမဏ္ဍပ်၌ ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ စည်းရုံးရေးနယ်မြေ(၁၀/၁၁/၁၂)ရှိ ကျေးရွာအုပ်စုများကိုယ်စား ကျေးရွာစည်းရုံးရေးမှူးများက ပေးအပ်သော အသင်းဝင် အဆိုပြုလွှာ စုစုပေါင်း ၅၀၀၀ကို ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက လက်ခံသည်။

**ဆွေးနွေးမှာကြား**

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက မှာကြားရာတွင် အသင်းဝင်များ ဖြစ်လာသည်နှင့် အညီ ခံယူ ချက် ယုံကြည်ချက်မှန်ကန်ရေး၊ အရည်အချင်း အရည်အသွေးပြည့်ဝသော အသင်းသားအသင်းသူများဖြစ်ရန် လေ့ကျင့်ပျိုးထောင်ပေးကြရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် ဖက်ပင်အိုင်ကျေးရွာအုပ်စု ဇီဝဓာတ်ငွေ့လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ စည်းရုံးရေး နယ်မြေတာဝန်ခံ မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဇော်ဝင်းက ဇီဝဓာတ်ငွေ့စက်ရုံ တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြအောင်၊ ဖက်ပင်အိုင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသောင်းနှင့် ဖက်ပင်အိုင်ကျေးရွာ စည်းရုံးရေးမှူး ဦးထွန်းမြင့်တို့က စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး စက်ရုံကို လှည့်လည်ကြည့်ရှုသည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် ညပိုင်းတွင် မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြင်းခြံ၊ ညောင်ဦး၊ တောင်သာ၊ နွားထိုးကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် စည်းရုံးရေးမှူးများအား တွေ့ဆုံ၍ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

**အမှာစကားပြောကြား**

**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း မြင်းခြံခရိုင် ဖက်ပင်အိုင်ကျေးရွာ၌ ပြုလုပ်သော အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (စက်မှု-၁)

## နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်

**ရန်ကုန် သြဂုတ် ၈**

၁၃၆၇ခုနှစ် ဝါခေါင်လဆန်း ၈ရက် သြဂုတ် ၁၂ ရက် (သောကြာနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် နိုင်ငံတော်သြဝါဒါစရိယ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဝိနယပါရဂူ ဘဒ္ဒန္တနရိန္ဒာဘိဝံသ (ဗိုလ်တထောင်စေတီတော် ဂေါပကအဖွဲ့၏ သြဝါဒါစရိယ) အရှင်သူမြတ်ကလည်းကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မန္တလေးတိုင်း ကသာမြို့နယ် ကျောက်ထုံးကြီးကျောင်း ဦးစီးပဓာန နာယက ဒွိပိဋကဓရ ဘဒ္ဒန္တနိမလ အရှင်သူမြတ်ကလည်းကောင်း၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

# အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ နှိုးဆော်

**ရန်ကုန် သြဂုတ် ၈**

**အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ၂၀၀၅ ခုနှစ်အတွက် (၁၆)ကြိမ်မြောက် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။**

ယခုနှစ်တွင် အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ကျင်းပပေးမည့် ပြိုင်ပွဲများမှာ ဝတ္ထုတိုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာ အထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့် တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများအနက် ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများအတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှာ နိုင်ငံတော်၏ ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်(၄)ရပ် ဖြစ်သည်။

ပြိုင်ပွဲဝင် စာမူများအတွက် စာလုံးရေ ကန့်သတ်ချက်မှာ ပြိုင်ပွဲဝင်ဝတ္ထုတိုသည် စာလုံးရေ ၄၀၀၀မှ ၈၀၀၀ အတွင်း ပါရှိရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဆောင်းပါးသည် စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း ပါရှိရမည်ဖြစ်၍ ပြိုင်ပွဲဝင်ကဗျာသည် စာလုံးရေ ၃၀၀ မှ ၉၀၀ အတွင်း ပါရှိရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ ခေါင်းစဉ်မှာ **"ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ"** ဖြစ်သည်။

ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲဝင်လိုသူများသည် စာမူနှစ်စောင်နှင့် ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းတို့နှင့်အတူ အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ၂၀၀၅ ခုနှစ် စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံ ပြိုင်ပွဲဝင်လိုသူများသည် တွဲဖက်အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံ ပြိုင်ပွဲကျင်းပရေးကော်မတီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၅ ခုနှစ် အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

(သတင်းစဉ်)

**ရှမ်းပြည်နယ် တာချီလိတ်မြို့ ဆန်ဆိုင်းရပ် ဂေါက်ကွင်းလမ်းနေ ဦးစိုင်းချို၊ ဒေါ်နန်းအားဖန်းမိသားစု (ယုံကြည်စတိုး)တို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## ပြည်ထဲရေးဝန်ကြီးအား နော်ဝေသံအမတ်ကြီး တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၈**

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Mrs. Ragne Birte Lund သည် ဩဂုတ် ၅ရက် ညနေ ၅နာရီတွင် ရန်ကုန်မြို့ စက်မှု(၁)လမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဝင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမောင်ဝင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနဌာနမှူး ရဲမှူးကြီးစစ်အေးနှင့် ရုံးအဖွဲ့မှူး ဦးကျော်စန်းတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

## ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် သင်တန်းများဖွင့်ပွဲတက်ရောက်

**ရန်ကုန် ဩဂုတ် ၈**

ရုံးသုံးကွန်ပျူတာသင်တန်း၊ စာတိုက်မှူးသင်တန်းနှင့် ငွေစာရင်း လုပ်ငန်းမွမ်းမံသင်တန်းများဖွင့်ပွဲကို ယနေ့နံနက် ၉နာရီတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်၍ အမှာစကား ပြောကြားသည်။

သင်တန်းများသို့ သင်တန်းသား၊ သင်တန်းသူ ၅၀တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

# မကွေးတိုင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၈

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် မကွေးတိုင်း မြိုင်မြို့နယ်ရှိ မြန်မာ့ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ကျောက်ခွက်/လက်ပံတို ရေနံနှင့်သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောက်ခွက်ရေနံမြေ ရှင်းလင်းဆောင်၌ ရေနံမြေအထွေထွေမန်နေဂျာ ဦးအေးဇော်က လက်ရှိထုတ်လုပ်နေမှုအခြေအနေနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (ရှာဖွေရေးနှင့်ဖွံ့ဖြိုးရေး) ဦးကျော်လှိုင်က မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်မှုအခြေအနေနှင့် ပေနက်ပိုင်းတူးဖော်မည့် အလားအလာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ပြည်တွင်းသုံးစွဲမှုဖူလုံစေရန်အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေး နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တွင်းဟောင်းပြုပြင်ခြင်း၊ တွင်းသစ်များ တူးဖော်ခြင်းတို့ကို သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် ပေနက်ပိုင်းအလားအလာများကို ထပ်မံရှာဖွေ တူးဖော်သွားနိုင်ရန်အတွက် ယခုကတည်းက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားကြရန်ဖြစ်ကြောင်း စသည်ဖြင့်ပြောကြားကာတွင်းတူးစက်နှင့်တွင်းပြင်စက် နေရာချထားမှု အစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်ရမည့်အစီအမံများတို့ကို ချမှတ်ပေးသည်။**

### ဖြည့်ဆည်းပေး

ယင်းနောက် ဝန်ကြီးသည် ကျောက်ခွက်ရေနံမြေရှိ တွင်းသစ်အမှတ်(၆၃)ကို တူးဖော်ရန် နေရှင်နယ် (၅၅-၈) တွင်းတူးစက် - စက်ရုံထောင်ခြင်း လုပ်ငန်းများနှင့် ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် မကွေးတိုင်း ပေါက်မြို့နယ်ရှိ သာကြီးတောင်ရေနံမြေသို့ရောက်ရှိရာ ရေနံမြေ ရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာ ဦးမြစိန်နှင့် တာဝန်ရှိသူတို့က တွင်းသစ်များ တူးဖော်နေမှုအခြေအနေနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက သာကြီးတောင်ဒေသ၌ အနက်ပေ ၁၀၀၀၀ကျော် တွင်ရှိသည့် ပေနက်အလားအလာ အသစ်များကိုပါ ဆက်လက်ရှာဖွေတူးဖော် ထုတ်လုပ်သွားနိုင်ရေး၊ ပိုမိုတိကျသည့် ရေနံရှာဖွေရေး ဆိုက်စမစ်အချက်အလက်များ တိုင်းတာသွားနိုင်ရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးတို့ကို မှာကြားပြီးရေနံစုပေါင်းလက်ခံစခန်း၌ ရေနံစိမ်းများ လက်ခံသိုလှောင်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### သွားရောက်ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးသည် မကွေးတိုင်း ပေါက်မြို့နယ်ရှိ စပယ်ရေနံမြေသို့ ရောက်ရှိရာ အင်ဂျင်နီယာချုပ်(တူးဖော်ရေး) ဦးဇော်ဝင်းက လက်ရှိတူးဖော်ထုတ်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ ဝန်ကြီးက စပယ်ဒေသ၏ ပေတိမ်အလားအလာများကို သာမက နောက်ထပ်ရေနံနှင့် သဘာဝဓာတ်ငွေ့ အလားအလာအသစ်များကိုလည်း ဆက်လက်ရှာဖွေတူးဖော်ထုတ်လုပ်သွားနိုင်ရေး မှာကြားပြီး လက်ရှိတူးဖော်လျက်ရှိသော တွင်းသစ်အမှတ်(၁၆)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### နေ့စဉ်ထုတ်လုပ်

အဆိုပါ ကျောက်ခွက်/လက်ပံတို၊ သာကြီးတောင်/စပယ် ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများမှ နေ့စဉ် ရေနံစိမ်းစည် ၁၄၀၀ခန့်နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၂၀ကျော်တို့ကို နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိသည်။ (သတင်းစဉ်)

**စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မကွေးတိုင်း ပေါက်မြို့နယ် စပယ်ရေနံမြေရှိ တူးဖော်လျက်ရှိသော တွင်းသစ်အမှတ်(၁၆) တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (စွမ်းအင်)

## မြန်အောင်သမ္ဗုဒ္ဓေ စေတီရံလှူဒါန်းနိုင်

**ရန်ကုန် ဩဂုတ် ၈**

ဗုဒ္ဓရုပ်ပွားတော် အဆူ ၅၀၀ ပါ မြန်အောင်သမ္ဗုဒ္ဓေ စေတီရံ ၁၀၈ဆူကိုမြန်အောင်မြို့၌တည်ထားပူဇော်လျက်ရှိရာ တစ်ဆူလျှင် ကျပ်တစ်သိန်းဖြင့် စေတီရံ အလှူရှင်၆၅ဦးရရှိပြီးဖြစ်၍ ကျန် ၄၃ဆူကို လှူဒါန်းလိုသူများသည် ဖုန်း ၀၁-၃၈၄၆၁၈(ရန်ကုန်)၊၀၄၄-၅၀၁၇၈ မြန်အောင်မြို့တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

## ရောဝတီတိုင်းဓမ္မာရုံ ဝါဆိုသင်္ကန်းဆက်ကပ်မည်

**ရန်ကုန် ဩဂုတ် ၈**

ရောဝတီတိုင်း ဓမ္မာရုံ ထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့နှင့် ရောဝတီတိုင်းအတွင်းရှိ မြို့နယ်အသင်း(ရန်ကုန်)တို့စုပေါင်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်အမှူးရှိသော သံဃာတော်အရှင်သူမြတ် ကိုးပါးတို့အား ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၄ရက် (၁၃၆၇ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ရက်) (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အမှတ်(၂၁/၄၃-စီ)၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်ရှိ ရောဝတီတိုင်း ဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။

ရောဝတီတိုင်းအတွင်းရှိ မြို့နယ်အသင်းဝင်များနှင့် မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရရှိစေဖြစ်စေ၊ မရရှိသည်ဖြစ်စေ တက်ရောက်ကြည်ညိုကြရန်နှင့် သင်္ကန်း၊ ဆွမ်း၊ ဝတ္ထုငွေများကို ပါဝင်လှူဒါန်းလိုပါက အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၃၇၀၅၇၉၊ ၃၈၁၃၆၀ သို့လည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်အသင်း အမှုဆောင်များထံသို့ လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

## ချင်းတွင်းမြစ်ကူးတံတား(မုံရွာ) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်ထား

**ရန်ကုန် ဩဂုတ် ၈**

ချင်းတွင်းမြစ်ကူးတံတား(မုံရွာ) ရေလမ်းကြောင်းတွင် ရေယာဉ်များဖြတ်သန်း သွားလာရန် ရေလမ်းကြောင်းကို အစုန်အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၇) နှင့် (၈)အကြား ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဩဂုတ် ၉ရက်မှစ၍ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားမှ လည်းကောင်း၊ အစုန်လမ်းအဖြစ် လက်ရှိ ရေလမ်းကြောင်းအတိုင်း ရေလယ်တိုင်အမှတ်(၇)နှင့် (၈)အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ကင်းလွတ်အကျယ်မှာ ပေ ၃၀၀ ရှိပြီးကင်းလွတ်အမြင့်မှာ ပေ ၄၀ရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင်အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်ဖြစ်သည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်ဖြစ်သည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံသည် ရေလယ်တိုင်၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၈**

သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်သည် ဩဂုတ်၆ရက်တွင်ပဲခူးတိုင်း(အနောက်ပိုင်း)ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ကျွန်းသစ်စေ့ထုတ်ဧရိယာများနှင့် အပြည်ပြည်ဆိုင်ရာအပူပိုင်းဒေသ သစ်နှင့်ပတ်သက်သော အဖွဲ့အစည်း ဝါးစိုက်ခင်း စီမံကိန်းတို့ကိုလည်းကောင်း၊ ဩဂုတ် ၇ ရက်တွင် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများဖြစ်သော ပေါက်ခေါင်းမြို့နယ် တောင်နဝင်း ကြိုးဝိုင်းအတွင်းရှိ ၂၀၀၅ ခုနှစ် ကျွန်းစိုက်ခင်းဧက၂၅၀နှင့် သစ်ထုတ်ပြီးဧရိယာများတွင် သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်းတို့ကို လည်းကောင်းကြည့်ရှုစစ်ဆေးပြီး ပြည်ခရိုင်နှင့်သာယာဝတီခရိုင်တို့မှသစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်း(သစ်ထုတ်ရေးဌာန)တို့မှတာဝန်ရှိပုဂ္ဂိုလ်များအား ကျွန်း၊ သစ်မာထုတ်လုပ်ခြင်းလုပ်ငန်း အဆင်ပြေချောမွေ့ရေး၊ သစ်တောကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင်ဆောင်ရွက်ရေး၊ တရားမဝင် သစ်ထုတ်ယူမှုများကိုထိရောက်စွာကာကွယ်တားဆီးရေး ညှိနှိုင်းဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၉-၈-၂၀၀၅ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| **၇:၀၀** | ၁။ မြဝတီအဖွင့် |
| **၇:၀၅** | ၂။ အဖွင့်သီချင်း |
| **၇:၁၀** | ၃။ မျိုးချစ်တပ်မတော် |
| **၇:၂၀** | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| **၇:၃၀** | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| **၇:၄၀** | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ် |
| **၇:၅၅** | ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၈:၀၀** | ၈။ မြဝတီရုပ်မြင်သံကြားသတင်း |
| **၈:၁၀** | ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၈:၁၅** | ၁၀။ အပိတ်နှုတ်ဆက်စကား |
| **၈:၁၆** | ၁၁။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| **၄:၀၀** | ၁။ မြဝတီအဖွင့် |
| **၄:၀၅** | ၂။ အဖွင့်သီချင်း |
| **၄:၁၀** | ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၄:၁၅** | ၄။ လက်စွမ်းပြဟန်ဂီတသံ |
| **၄:၂၅** | ၅။ အလွမ်းတေးပန်းချီချစ်သူဆီ |
| **၄:၃၅** | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ် |
| **၄:၄၅** | ၇။ မျိုးချစ်တပ်မတော် |
| **၅:၀၀** | ၈။ **အဝေးသင်တက္ကသိုလ်ပညာရေး ပို့ချမှုအစီအစဉ် - Essential of a Valid Contract.** (ဒုတိယနှစ်-ဥပဒေပညာ) |
| **၅:၂၅** | ၉။ ပညာခေတ် |
| **၅:၄၀** | ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး |
| **၆:၀၀** | ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း |
| **၆:၁၀** | ၁၂။ နိုင်ငံတကာသတင်း |
| **၆:၂၀** | ၁၃။ မိုးလေဝသသတင်း |
| **၆:၂၅** | ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၆:၄၀** | ၁၅။ လျှပ်တစ်ပြက်ရိုက်ချက် |
| **၇:၀၀** | ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်" (အပိုင်း-၆)** |
| **၈:၀၀** | ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၉။ ကျန်းမာသုတအစီအစဉ် |
| | ၂၀။ **အရှင်ဇနကာဘိဝံသ၏ ထေရုပ္ပတ္တိ - မဂ္ဂင်ယာဉ်ကြီး အမြန်စီး ခရီးထွက်တော့မည်** |
| | ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားရှင်" (အပိုင်း-၄)** |
| | ၂၃။ သင့်အတွက်မနက်ဖြန် |
| | ၂၄။ အပိတ်နှုတ်ဆက်စကား |
| | ၂၅။ ပြီးပါပြီ။ |

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပဲခူးတိုင်းအတွင်းရှိ လမ်း၊ တံတားများ ကြည့်ရှုစစ်ဆေး ပွင့်လင်းရာသီအတွင်း စံချိန်စံညွှန်းမီပြီးစီးရေး မှာကြား

ရန်ကုန် ဩဂုတ် ၈

**ပဲခူးတိုင်း ပဲခူးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၆ ရက် နံနက် ၈ နာရီတွင် ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာရှိ ဆုတောင်းပြည့် သမိုင်းဝင်ဆံတော်ရှင် ဒေးစွန်ပါစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။**

### ဖူးမြော်ကြည်ညို

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ သစ်သီး၊ အမွှေးနံ့သာတိုင်များဖြင့် ဆက်ကပ်ပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စေတီတော် ရင်ပြင်ရှိ ဘက်စုံပြုပြင်မွမ်းမံ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညွှန်ကြားစီမံဆောင်ရွက်ပေးသည်။

### ညွှန်ကြားပေါင်းစပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား အာရုံခံတန်ဆောင်း၌ ဂေါပကအဖွဲ့ ဥက္ကဋ္ဌဦးလှဟန်က စေတီတော်မြတ်ကြီး သမိုင်းအကျဉ်းကို လည်းကောင်း၊ တိုင်းအင်ဂျင်နီယာမှူးကြီး ဦးတင်ထွန်းက စေတီတော်ဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည် များကို ညွှန်ကြားပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စေတီတော် မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းများအတွက် အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးလှဟန်က လက်ခံသည်။

ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာရှိ ဆုတောင်းပြည့်သမိုင်းဝင် ဆံတော် ရှင် ဒေးစွန်ပါစေတီတော်မြတ်ကြီး ဘက်စုံ ပြုပြင်မွမ်းမံရေးလုပ်ငန်းကို ဧပြီ ၇ ရက်မှ စတင်ဆောင်ရွက် လျက်ရှိရာ မူလစေတီတော် ရင်ပြင် အား ပတ်လည် အကျယ် ၂၈ ပေ အထိ တိုးချဲ့၍ ကွန်ကရစ်တိုင်၊

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❁

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ ပဲခူးမြစ်အနီးရှိ ပဲခူးမြစ်ကူးတံတား (ကဝ) တည်ဆောက်ရေး လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ရန်ကုန်တိုင်း ရေတော် မိုးတော် မိုးစပါး တိုင်းလုံးကျွတ်ကွင်းပိတ် စိုက်ပျိုးရေရရှိရေး ရေလှောင်တမံ၊ ရေထိန်းတံခါးများ ဖြည့်ဆည်းပေးခဲ့ စိုက်ပျိုးစွမ်းအား မြင့်မားလာခဲ့ပြီး သီးထပ်စိုက်ဧက နှစ်ဆမြင့်တက်

ရန်ကုန် ဩဂုတ် ၈

**ရန်ကုန်တိုင်း ၂၀၀၅–၂၀၀၆ ခုနှစ် ရေတော် မိုးတော် မိုးစပါးကွင်းပိတ်ပွဲ၊ စပါး ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး နည်းပညာလက်တွေ့ပြသပွဲ (Field Day)၊ တိုင်းအဆင့် အတန်းလိုက် တိုက်ရိုက်မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲ၊ စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့် ခြင်းနှင့် ၂၀၀၄–၂၀၀၅ခုနှစ် လယ်ယာကဏ္ဍထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်း အနားကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် မလစ်ကျေးရွာ မိုးစပါးပန်းတိုင် အထူးဇုန်ဧက ၅၀၀ရှိ လယ်သမားကြီး ဦးရဲမြင့်အောင် နှင့် ဦးအောင်စိုးတို့၏ လယ်မြေများ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး လယ်ယာကဏ္ဍထုတ်လုပ်မှု ထူးချွန်ဆုများ ချီးမြှင့်သည်။**

အဆိုပါ အခမ်းအနားသို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ ဌာနဆိုင်ရာအကြီးအကဲ များ၊ ရန်ကုန်တိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည် နှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ●

**၂၀၀၄–၂၀၀၅ခုနှစ် လယ်ယာကဏ္ဍထုတ်လုပ်မှု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၂၀၀၄–၂၀၀၅ခုနှစ် အမျိုးသား အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး စုစုပေါင်း အများဆုံး ကြိုးပမ်းစွမ်းဆောင်မှု ခရိုင်ထူးချွန်ဆု ရရှိသည့် ရန်ကုန် အနောက်ပိုင်းခရိုင်ကို ဆုချီးမြှင့်စဉ်။** (ရကတ)

## မြစ်သုံးသွယ် မြစ်ရေအခြေအနေ

**ရန်ကုန် ဩဂုတ် ၈**

စစ်တောင်းမြစ်ရေသည် ယနေ့ နံနက် ၆နာရီခွဲအချိန် တိုင်းထွာ ချက်အရ မဒေါက်မြို့တွင် ၁၁၅၁ စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၇၂ နာရီ အတွင်း စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက် လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့ နံနက် ၆နာရီခွဲအချိန် တိုင်းထွာ ချက်အရ ဘားအံမြို့တွင် ၇၉၆ စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီ အတွင်း စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက် လက် တည်ရှိနိုင်သည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ✳